Tisha

Robert Specht



မောင်ထွန်းသူ

တီရှာ

mgyoe.com


TISHA
THE STORY OF A YOUNG TEACHER
IN THE ALASKA WILDERNESS
AS TOLD TO ROBERT SPECHT
မောင်ထွန်းသူ
တိရှာ
TUN0057
3,000.00KS

mgyoe.com

တိရှာ၊ မောင်ထွန်းသူ
စာမျက်နှာ ၂၀၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(စိတ်ကူးချိုချို၏ ၂၀၀၆ ပထမအကြိမ်မှ)

ရောင်းဈေး ၃၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

တိရှာ

မောင်ထွန်းသူ
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အလားစကား တောကြီးမျက်မည်းအတွင်းမှ

ဆရာမလေးတစ်ဦး...

သူကိုယ်တိုင်

စာရေးဆရာ ရောဘတ်စပက်ချ် အား

ပြောပြသည့်အတိုင်း...

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အလားစကားတောရိုင်းမြေဒေသများအတွင်းမှ ဖြတ်သန်း၍ ချစ်ကင်းအမည်ရှိ ရွာသိမ်ရွာငယ်လေးတစ်ရွာအတွင်းရှိ အခန်းတစ်ခန်းတည်းသာရှိသော ကျောင်းငယ်လေးဆီသို့ ခြေလျင်ခရီးထွက်လာချိန်တွင် အင်နီဟော့ဘ်သည် အသက် ဆယ့်ကိုးနှစ်မျှသာရှိသေးသည့် ကျောင်းဆရာမလေးတစ်ဦး ဖြစ်လေသည်။

အင်နီ့အဖို့တော့ ဤခရီးသည် တစ်သက်တာစွန့်စားခန်းကြီးတစ်ခုဖြစ်၏။ သို့တစေလည်း ချစ်ကင်းရွာ၌နေထိုင်လျက်ရှိသူများအဖို့တော့ သူမ၏လွတ်လပ်စွာ နေထိုင်လုပ်ကိုင်မှုများကြောင့် စိတ်အနှောက်အယှက်များစွာ ဖြစ်ခဲ့ကြရသည်။ အထူးသဖြင့် သိမ်မွေ့နူးညံ့ပြီး လူချောလူလှတစ်ဦးဖြစ်သော အက်စကီးမိုးကပြား ဖရက်ပါဒီနှင့် တွေ့ကြသည့်အခါ ပို၍ပြဿနာရှိလာခဲ့ရလေသည်။

ထို့နောက်တော့ ကလေးသူငယ်များက တီချာ (Teacher)ကို (Tisha) 'တီရှာ'ဟု အသံထွက်ဖြင့် ခေါ်နေကြသော ဆရာမလေးအင်နာသည် သူမ၏ နေအိမ်သို့ အင်ဒီးယန်းကပြားလေးနှစ်ဦးကိုခေါ်လာပြီး လက်ခံထားလိုက်သည့်အခါ ပတ်ဝန်းကျင်သည် ပေါက်ကွဲလုမတတ် ဖြစ်လာခဲ့သည်။

ဤဝတ္ထုသည် ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်၏။ အလွန်ဖျတ်လတ်သွက်လက်ပြီး သတ္တိကောင်းသော မိန်းကလေးတစ်ယောက်အကြောင်း ဖြစ်ပေသည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အလားစကားဧ၏ ဖော်တီးမိုင်နယ်အတွင်း၌ ကျွန်မနေထိုင်ခဲ့သည်မှာ နှစ်ကာလအားဖြင့် များစွာကြာခဲ့ပြီ။ သို့တစေလည်း ကျွန်မသည် အပြင်သို့ ထွက်သည့်အခါတိုင်း မကြာခဏ မျက်စိလည်လမ်းမှားကာ လမ်းပျောက်နေတတ်ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်မသည် လမ်းစပြန်တွေ့ဖို့အတွက် အချိန်အတန်ကြာကုန်သည်အထိ အနီးတစ်ဝိုက်၌ လှည့်ပတ်သွားနေရတတ်လေသည်။

ကျွန်မ ဤဇာတ်လမ်းကို ပြောဖို့အတွက် စတင်စဉ်းစားသည့်အခါတွင် ကျွန်မကြုံနေရသည်မှာ အပြင်ထွက်သည့်အခါတိုင်း လမ်းပျောက်သည့်ပုံစံမျိုး ဖြစ်ဖြစ်နေသည်။ ကျွန်မ ဘယ်ပုံဘယ်နည်းနှင့် ဘယ်နေရာက စပြောရမည်ကို ဝေခွဲ၍မရ၊ နောက်ဆုံးတွင်မူ ကျွန်မအနေဖြင့် အလားစကားသို့ ကျွန်မ ပထမဆုံးရောက်လာသည့်အချိန်ကစ၍ ပြောခြင်းသည်သာလျှင် အကောင်းဆုံးနှင့် တစ်ခုတည်းသောနည်းဟု မြင်လာခဲ့ပါသည်။

ကျွန်မ အလားစကားသို့လာခဲ့သည်မှာ ၁၉၂၇ ခုနှစ်ဖြစ်၍ ထိုစဉ်က ကျွန်မသည် အသက်တစ်ဆယ့်ကိုးနှစ်မျှသာရှိပါသေးသည်။ အလွန်ရက်တတ်ပြီး ကြင်နာတတ်သော အလွန်ချစ်ခင်ခဲ့သော ကုလ္လော...

ကျွန်မ အလားစကားသို့လာခဲ့သည်မှာ ၁၉၂၇ ခုနှစ်ဖြစ်၍ ထိုစဉ်က ကျွန်မသည် အသက်တစ်ဆယ့်ကိုးနှစ်မျှသာရှိပါသေးသည်။ အလွန်ရှက်တတ်ပြီး ကြွေခြောက်တစ်ခွဲသားနှင့် ဟန်လုပ်နေတတ်သောအရွယ်ဖြစ်ပါ၏။ ချစ်ကင်းဟုခေါ်သော ရွှေတူးသူများနေထိုင်ရာရွာကလေး၌ စာသင်ဆရာမလုပ်ရမည့်အလုပ်ကို ပေးလာသည့်အခါ ကျွန်မအနေဖြင့် ချက်ချင်းပင်လက်ခံခဲ့သည်မှာ မှန်သော်လည်း နယ်စပ်ဒေသတစ်ခု၌ နေထိုင်သွားရမည့်အရေးကို တွေးကာ နှလုံးတုန်ရင်ခုန်ခဲ့ရပါသည်။

ချစ်ကင်းဟူသောအမည်ကို ကျွန်မ ပထမဆုံးကြားခဲ့ရစဉ်အခါကမူ ကျွန်မ ရယ်မိခဲ့ပါသည်။ ထိုကဲ့သို့သော နေရာမျိုး ရှိနေလိမ့်မည်ဟု မယုံကြည်နိုင်ခဲ့ပါ။ သို့သော်လည်း အလားစကားမြေပုံကို ကြည့်လိုက်သည့်အခါ ယူကွန်နယ်မြေအတွင်း၌ ဖော်တီးမိုင်၏ကုန်သွယ်ရေးစခန်းအဖြစ် တည်ရှိနေသော ဤနေရာကို

mgyoe.com

mgyoe.com

မြင်ခဲ့ရ၏။ ထိုနေရာသည် ဒေါ်ဆန့်ဖြူ၏ အနောက်မြောက်ဘက် မိုင်လေးဆယ်ခန့်အကွာ၌ တည်ရှိနေသည်ကို ကျွန်မသိခဲ့ရပါသည်။

စိမ်းလန်းစိုပြည်နေသော မြက်ပင်ကြီးများကြားမှ စိတ်ကူးယဉ်မှုများစွာကို ခေါင်းထဲ၌ထည့်၍သွားနေသော ကျွန်မသည် မိမိကိုယ်မိမိ တောရိုင်းမြေဒေသအတွင်း၌ အလင်းရောင်ပေးသော မီးအိမ်တစ်ခုဟု တွေးကာ များစွာစိတ်ကူးယဉ်လျက်ရှိသည်။ ကျွန်မ နောက်ဆုံးမျှော်လင့်မိသည့်အရာမှာ ချစ်ကင်းရွာမှ လူများအနေဖြင့် ကျွန်မအား ထိုကဲ့သို့ မတွေးထင်ပါစေနှင့်ဟူသော အချက်ဖြစ်ပါသည်။

ထိုအရာအားလုံးဖြစ်ပျက်ခဲ့သည်မှာ လွန်ခဲ့သော လေးဆယ့်ရှစ်နှစ်က ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ထိုနေ့က ကျွန်မမည်မျှလောက်အထိ စိတ်လှုပ်ရှားခဲ့ရသည်ကို ယနေ့အထိ မှတ်မိနေဆဲဖြစ်သည်။ ထိုနေ့မှာ ချစ်ကင်းရွာသို့ ကျွန်မလာခဲ့သည့်နေ့ ဖြစ်၏။ ကျွန်မလာခဲ့သည်မှာ အီးဂေးဟုခေါ်သော ရွာတစ်ရွာမှဖြစ်၍……

mgyoe.com

mgyoe.com

စက်တင်ဘာ ၁၉၂၇

(၁)

ယခုမှနေထွက်စဖြစ်သော်လည်း အီးဂေးရွာသူရွာသားများသည် ဝန်တင်တိရစ္ဆာန်များ ထွက်ခွာသည်ကို လာရောက်ကြည့်ရှုလျက်ရှိကြ၏။ လွန်ခဲ့သောညက သူတို့၏ ငါးဖမ်းစခန်းများမှနေ၍ ကခုန်ရန်ရောက်လာခဲ့ကြသောအင်ဒီးယန်းများအား ရေတွက်ကြည့်လိုက်သည့်အခါ အနည်းဆုံး လူတစ်ရာနီးပါးခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ လာရောက်ကြည့်ရှုနေကြသူများထဲတွင် မိန်းမတွေရော ကလေးတွေပါ ပါကြလေသည်။

နောက်မိနစ်အနည်းငယ်မျှလွန်လျှင် ကျွန်မသည် တောနက်ကြီးအတွင်းသို့ ဝင်ရပေတော့မည်။ ကျွန်မစိတ်ထဲတွင် လန့်ဖျပ်နေပုံရ၏။ လန့်ဖျပ်နေသည်ကိုလည်း မျက်နှာမှဖော်ပြနေဟန်ရှိ၏။ အီးဂေးမှ ကျောင်းဆရာမ မစွက်ရှုးနေးသည် ကျွန်မမျက်နှာကိုကြည့်၍ "နေကောင်းရဲ့လား"ဟု မေးသည်။

"နေကောင်းပါတယ် မဒမ်"ဟု ကျွန်မက ပြန်ဖြေသည်။ "ကျွန်မက ဒီလောက်အထိ လူတွေများလိမ့်မယ်လို့ မမျှော်လင့်ခဲ့လို့ပါ"

မစွက်ရှုးနေးသည် လူများအား သူ့လက်တစ်ဖက်ကို ဝှေ့ယမ်းပြပြီး မောင်းထုတ်သည်။ "အလားစကားမှာ အခုလောက် လူများများစုမိတာ မရှိပါဘူး"ဟုပြောသည်။ "မင်းသွားရမယ့်ခရီးက မိုင်ကိုးဆယ်ပဲရှိတာပါ။ မစွတာစထရောင်းက မင်းကိုစောင့်ရှောက်ပြီး ခေါ်သွားမှာပါ"

တကယ်တော့ ကျွန်မစိတ်ကို အနှောက်အယှက်ပေးနေသည်မှာ လူပရိသတ်မဟုတ်ပါ။ နောက်လေးရက်တိတိမျှ ကျွန်မစီးသွားရမည့်မြင်း ဖြစ်ပါသည်။ မြင်းနာမည်မှာ 'ပန်းပွင့်'ဖြစ်သော်လည်း ပန်းပွင့်နှင့်မတူပါ။ မြင်းကြီးမှာ

mgyoe.com

mgyoe.com

အဆမတန် ကြီးမားထွားကျိုင်းလှသည်ဖြစ်ရာ ကျွန်မခြေဖျားထောက်ပြီး ကြည့်သည့်တိုင်အောင် မြင်းကုန်းနှီး၏အခြားတစ်ဖက်ကို မြင်နိုင်မည်မဟုတ်ပါ။

မြင်းကြီးတွင် အမာရွတ်တွေ ဗလပွနှင့်ဖြစ်၍ ပုံပန်းမှာ ရိုင်းစိုင်းခဲ့သည့် အရိပ်လက္ခဏာရှိ၏။ ကျွန်မ ကလေးဘဝက မစ်ဇူရီပြည်နယ်အတွင်းရှိ အဘွား၏ ယာတောထဲတွင် မြင်းတစ်ကောင်စီးခဲ့ဖူးသည်။ ထိုမြင်းမှာ အလွန်ယဉ်လှသည် ဖြစ်ရာ သူ့ကျောပေါ်၌ အိပ်၍ပင်ရနိုင်သည်။ ဤမြင်းမှာမူ သဘောကောင်းမည့် အရိပ်အခြည်မရှိပါ။ မစ္စတာ စထရောင်းက ဇက်ကြိုးကို ကျွန်မလက်သို့ လှမ်းပေးလိုက်စဉ်က သူသည်ကျွန်မဘက်လှည့်၍ မျက်လုံးများကို ကလယ်...ကလယ် လုပ်ကာ အန့်ခံလျက် ရှိလေသည်။

ကြိုးများနှင့်တွဲချည်ထားသော မြင်းများနှင့် လားများ၏ ဘေးမှနေ၍ ကျွန်မဘက်သို့ လျှောက်လာနေသော မစ္စတာ စထရောင်းအား ကျွန်မ လှမ်းမြင်နေရ၏။ ယူအက်စ် စာပို့ထုပ်များနှင့် ချောစာများဘေးရှိ တိရစ္ဆာန်များပေါ်တွင်မူ အဝတ်လျှော်ဘုတ်ပြားများ၊ ပဲအိတ်များ၊ ကင်းဗတ်စအလိပ်များတင်ထားပြီး နေပြီ...။ အသင့်တင်ထားသည့်ပစ္စည်းများထဲတွင် ပြတင်းပေါက်မှန်ချပ်များပင် ပါသည်ကို တွေ့နေရ၏။

ခရီးသည်ဆို၍ ကျွန်မတစ်ဦးတည်းသာ မဖြစ်ပါစေနှင့်ဟု စိတ်ထဲက ကြိတ်၍ ဆုတောင်းမိပါသည်။ နောက်ခဏမျှအကြာတွင် ကျွန်မ မြင်းပေါ်သို့ တက်ရပေတော့မည်။ ထိုအခါ ကျွန်မသည် လူအများ စိတ်ဝင်တစား အကြည့်ခံရမည့် လူတစ်ဦးဖြစ်ရချေတော့မည်။

မစ္စတာ စထရောင်းသည် ကျွန်မဘေးသို့ရောက်လာသည်။ သူသည် အရပ်မြင့်မြင့် လက်ပြင်နိမ့်နိမ့်လူတစ်ယောက် ဖြစ်သည်။ အသက်နှစ်ဆယ်တွင်းခန့်က ရွှေရှာရန်ဟူသောစိတ်ကူးဖြင့် အလားစကားသို့ ရောက်လာခြင်းဖြစ်၏။ သူ ဖော်တီးမိုင်နယ်အတွင်း၌ရောက်နေသည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိခဲ့ပြီ။

သူ၏ပာဉ်ကျေးဖွယ်ရာသော အပြုအမူများသည် အလွန်ကြမ်းတမ်းသည့် ဤဒေသနှင့် အံမဝင်သလိုဖြစ်နေသည်။ ကျွန်မအား ချစ်ကင်းသို့ခေါ်သွားပေးနိုင်မလားဟု တမြန်မနေ့က သူ့အား မေးခဲ့ရာ သူက "ရပါတယ် မဒမ်၊ ခေါ်သွားပေးနိုင်ပါတယ်"ဟု ပြန်ပြောသည်။ "ကျုပ်ရဲ့ဝန်တင်တိရစ္ဆာန်တွေက

mgyoe.com

mgyoe.com

လစဉ် လေးရက်နေ့၊ ဆယ့်လေးရက်နေ့နဲ့ နှစ်ဆယ့်လေးရက်နေ့တွေမှာ ထွက်တယ်။ အဲဒီတော့ မနက်ဖြန်ဆို ထွက်ရက်ပဲ။ မနက် ရှစ်နာရီတိတိ ထွက်မယ်"

"ကျွန်မလိုက်ချင်တယ်"ဟု သူ့အား ပြောပြသည်။

"မြင်းငှားခက တစ်ရက်ကို ဆယ်ဒေါ်လာကျမယ်၊ အဲဒီဆယ်ဒေါ်လာထဲမှာ အစားအသောက်နဲ့ အိပ်ရာအိပ်ခင်းခတွေပါတယ်။ ခရီးက လေးရက်ကြာမယ်။ ကျေနပ်လိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်"

ကျွန်မကလည်း ကျေနပ်ပါသည်ဟုပြောကာ ကိစ္စကို နှစ်ဦးနှစ်ဖက်ပြေလည်အောင် လုပ်လိုက်သည်။

မစ္စတာ စထရောင်းသည် ကျွန်မအနီးသို့ ရောက်လာသည်။ "အဆင်သင့်ဖြစ်ပြီလား... မဒမ်"ဟုမေးသည်။ "ခင်ဗျားကို မြင်းပေါ်တင်ပေးမလို့"

သူသည် မြင်းဇက်ကြိုးကို လှမ်းယူကာ မြင်း၏ ခေါင်းထက်သို့ တင်ထားလိုက်သည်။ လက်ဖဝါးနှစ်ဖက်ကို ပတ္တာယှက်သည့်နှယ် ဆက်ပေးထားသည်။ ကျွန်မသည် မြင်းကုန်းနှီးထိပ်ကို လှမ်း၍ဆုပ်ကိုင်ပြီး သူ့လက်ဖဝါးနှစ်ဖက်ပေါ်နင်းကာ မြင်းပေါ်သို့ တက်သည်။ သူကလည်း ကျွန်မ၏ ခြေထောက်များကို အလိုက်သင့် တွန်းတင်ပေးလိုက်သည်။

မြင်းကုန်းနှီးပေါ်ထိုင်မိလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်မ၏အောက်ဘက်မှ မြေပြင်သည် ကျွန်မနှင့်များစွာ အလှမ်းဝေးသွားသည်။ မြင်းကလည်း လှုပ်ရှားသွားကာ တစ်ပတ်နှစ်ပတ်မျှလှည့်လိုက်သည်။ ရပ်ကြည့်နေသူများထဲမှ တချို့က ရယ်နေကြသည်။ ကျွန်မ၏ ခြေထောက်များကို ကြည့်ပြီး ရယ်နေကြခြင်းဖြစ်၏။ မြင်းကုန်းနှီးမှာ ကျယ်လွန်းလှသည်ဖြစ်ရာ ကျွန်မ၏ခြေထောက်များသည် ဘေးနှစ်ဖက်သို့ အတောင်ပံများသဖွယ် ကားထွက်နေခြင်းကြောင့် ဖြစ်၏။

"ဟေး... ဝေါလ်တာ၊ ခင်ဗျား သူ့ခြေနှစ်ဖက်ကို နေသားတကျဖြစ်အောင် လုပ်ပေးလိုက်ဦး"ဟု လူအုပ်ထဲမှတစ်ဦးက အော်ပြောသည်။ "လုပ်မပေးထားလို့ကတော့ ဖော်တီးမိုင်ဘက်ရောက်ရင် သစ်ပင်တွေနဲ့တိုက်မိပြီး ဒုက္ခရောက်ကုန်လိမ့်မယ်"

မစ္စတာ စထရောင်းသည် ရှည်နေသော ခြေနင်းကွင်းကြိုးကို ကျွန်မ၏ ခြေထောက်များက မှီလာသည်အထိ တိုသွားအောင် ပြုပြင်ပေးသည်။ သို့သော်

mgyoe.com

mgyoe.com

လည်း ထိုအချိန်ထိ ကျွန်မခြေထောက်များသည် ခြေနင်းကွင်းများကို မမှီ့တမှီ ဖြစ်နေဆဲ...၊ သူသည် သံသယမကင်းသောမျက်လုံးအစုံဖြင့် ကျွန်မ၏ အဝတ် များကို ကြည့်နေသည်။ "မဒမ်...၊ ကုတ်အင်္ကျီကိစ္စ မစဉ်းစားတော့ဘူးလား"

ခပ်စောစောပိုင်းက သူသည် ကျွန်မအား ကုတ်အင်္ကျီတစ်ထည် ခဏ ငှားမည်ဟု ပြောခဲ့သည်။ ရာသီဥတုမှာ အလွန်အပြောင်းအလဲများသဖြင့် ကျွန်မ အတွက် လိုအပ်မည်ထင်၍ ပြောခဲ့ခြင်းဖြစ်၏။ သို့သော်လည်း ကျွန်မက ကျွန်မ အတွက် လိုအပ်မည်မထင်ပါဟု ပြောခဲ့သည်။ အခုလည်း "တကယ်ပါ၊ လိုအပ်မယ် မထင်ပါဘူး။ ကျွန်မ အခုဝတ်ထားတာနဲ့ အဆင်ပြေနေပါတယ်" ဟုပင် ပြန်ပြောခဲ့လေသည်။

အကယ်၍ ကျွန်မသည် ပြည်ထောင်စု (အမေရိကန်ပြည်ထောင်စု) အတွင်း၌သာဆိုပါက ကျွန်မ အခုဝတ်စားဆင်ယင်ထားပုံသည် ရယ်စရာ ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ သို့တစေလည်း အခု ကျွန်မရောက်နေသည့် အလားစကားလိုနေရာမျိုးတွင်မူ ဘယ်လိုပဲ ဝတ်ထား...ထား ဘယ်သူကမှ ဂရုစိုက်ကြလိမ့်မည် မထင်ပါ။

ကျွန်မ ယခုဝတ်ထားသည်မှာ ဂျက်ကက်အင်္ကျီနှင့် အီစတာ ပန်းရောင် ဝတ်စုံဖြစ်၏။ ဘောင်းဘီမှာ ဇင်ထည် ယောက်ျားလေးဝတ်ဘောင်းဘီဖြစ်၍ ဒူးများကို ပတ်ထားသည်။ ကျွန်မ ပို့တ်လင်းမှဝယ်လာသော ပန်းပွင့်များဖြင့် ဦးထုပ်မှာ အခြားပစ္စည်းများနှင့်ရောပြီး ဝန်တင်လားများပေါ်တင်လိုက်ပါက ပုံပျက်ပန်းပျက်ဖြစ်သည်အထိ ကျေမွသွားမည်စိုးသဖြင့် ကျွန်မ၏ ခေါင်းတွင် ဆောင်းထားပါသည်။ ကျွန်မ၏ ဝတ်စားဆင်ယင်မှုသည် ယမန်နေ့ညက ကပွဲတွင် ဆုံမိခဲ့သော လူတစ်ဦးကပေးသည့် ခြောက်လုံးပြူးဖြင့် အဆုံးသတ်ရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုခြောက်လုံးပြူးကို ကျွန်မ၏ခါး၌ ချိတ်ထား၍ ဖြစ်ပါ သည်။

မစ္စတာ စထရောင်းသည် ဝန်တင်တိရစ္ဆာန်များ၏ ရှေ့ပိုင်းသို့ ထွက်သွား သည်။ ကျွန်မ၏ ဘေးပတ်ဝန်းကျင်ကို ဝေ့ကြည့်မိသည်။ ပထမဆုံးအကြိမ် ပရိသတ်အားလုံးကို မြင်ရပါသည်။ အဘိုးကြီးတချို့သည် ကျောင်းဆင်ဝင်ရှေ့မှ သံလက်တန်းပေါ်တွင် ထိုင်နေကြသည်။

mgyoe.com

mgyoe.com

ဤကျောင်းသည် မြို့အစွန်ရှိ ဤနေရာတစ်ဝိုက်၌ မြင်းဇောင်းများမှ လွဲလျှင် တစ်ခုတည်းသော ထုထည်ကြီးမားသည့် အဆောက်အအုံဖြစ်၏။ နယ်မြေပညာရေးအရာရှိချုပ် လတ်စတာ ဟင်ဒါဆင်က ကျွန်မအား ဂျွန်နော၌အင်တာဗျူးလုပ်စဉ်က ပြောခဲ့သည့်စကားအတိုင်းဆိုလျှင် ကျွန်မ အခုသွားနေသည့်ကျောင်းအဆောက်အအုံသည် အီးဂေးမှကျောင်းလိုပင် ကောင်းလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ဝန်တင်တိရစ္ဆာန်များအပေါ်၌တင်ထားသည့် ကုန်ပစ္စည်းများအား တချို့လူများက စစ်ဆေးနေကြသော်လည်း အများစုကတော့ ရောက်တတ်ရာရာ စကားများ ပြောနေကြသည်။ အင်ဒီးယန်းများကတော့ လူဖြူများနှင့် ခွာ၍ရပ်နေကြသည်။ လူဖြူများနှင့် နှိုင်းယှဉ်လိုက်သည့်အခါ အနေအထိုင်မှာမတူကြပေ။ လူဖြူများသည် စကားပြောလိုက်၊ ရယ်လိုက်နှင့် တသောသောနေကြသော်လည်း အင်ဒီးယန်းများကတော့ ဘာတစ်ခွန်းမှမပြော၊ တိတ်ဆိတ်စွာရပ်၍ လှုပ်ရှားမှုများကို ကြည့်နေကြသည်။

"ဟိုဘက်မှာ ရာသီဥတု ဘယ်လိုရှိသလဲ…တီချာ(ဆရာမ)"

အဆိုအကနှင့် ဖျော်ဖြေသော 'ကက်ဘရေး'စားသောက်ဆိုင်ပိုင်ရှင် 'ကက်ဘရေးဂျက်ဆင်'က ကျွန်မအား လှမ်းကြည့်ပြီးမေးသည်။ သူသည် ဒေါ်ဆန်မြို့မှ ဘာရိန်းပင်လယ်ကြား ရှိရှိသမျှ ကက်ဘရေးစားသောက်ဆိုင်များတွင် အလုပ်လုပ်ခဲ့ဖူးသူဟု သူ့ကိုယ်သူ ကြွားဝါနေသူဖြစ်သည်။ သူသည် ကျွန်မအား ပြုံး၍ကြည့်လိုက်ပြီး "ခင်ဗျား ဒီကထွက်သွားတာ မမြင်ချင်ဘူး" ဟု ပြောသည်။ "ကျွန်တော် မနေ့ညကပြောခဲ့တဲ့အတိုင်း မလုပ်တော့ဘူးလား…၊ စိတ်မပြောင်းတော့ဘူး ဆိုပါတော့…ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ကက်ဘ်ရယ်၊ ဒါပေမယ့် ကျွန်မ အဲဒီလိုလုပ်လို့ ဖြစ်နိုင်မယ် မထင်ပါဘူး"

ကျွန်မအား မနေ့ညက ခြောက်လုံးပြူးပေးခဲ့သူမှာ သူပင်ဖြစ်သည်။ ထိုစဉ်က အစောင့်အရှောက် အကာအကွယ်ကင်းမဲ့စွာဖြင့် အလွန်ကြမ်းတမ်းသော တောရိုင်းမြေအတွင်းသို့ မသွားသင့်ဟု သူထင်ကြောင်း ကျွန်မအား ပြောခဲ့သည်။ ထို့နောက် (အရက်အလွန်အကျွံမမူးခင်နှင့် ရန်ပွဲတစ်ပွဲမနွှဲမီ) သူ့ကို

mgyoe.com

mgyoe.com

လက်ထပ်ဖို့ ကျွန်မအား ချစ်ရေးဆိုခဲ့သည်။ အရာခပ်သိမ်း ကျွန်မအလိုကျ အတိုင်း ဖြစ်ပါစေမည်ဟုလည်း ကတိပေးသည်။

တကယ်တော့ ကက်ဘရေးဂျက်ဆင်သည် အရက်မမူးခင် တကယ့်လူကြီးလူကောင်း စစ်စစ်ကြီးဖြစ်သော်လည်း အရက်မူးသည်နှင့်တစ်ပြိုင်နက် လူဆိုးလူရမ်းကားဖြစ်သွားသည်။ သူသည် ကျွန်မပေါင်းသင်းဆက်ဆံသင့်သည့် လူစားမျိုးမဟုတ်ပါ။

"ကောင်းပြီလေ...၊ ရပါတယ်"ဟု သူကပြောသည်။ "အအေးဓာတ်ကုန်သွားတဲ့အခါကျမှ တို့ကိုယ်တိုင် ချစ်ကင်းအထိလိုက်လာပြီး နောက်တစ်ကြိမ် ကြိုးစားကြည့်ရဦးမှာပဲ"

"တီချာ"ဟူသော ခေါ်သံကြားရ၏။ ချိုမြသောအပြုံးဖြင့် သူ့ခင်ပွန်းသည်နှင့်အတူ ကျွန်မအနားသို့ရောက်လာသည့် မိန်းကလေးတစ်ယောက်...။ ကျွန်မ သူ့နာမည်ကို မမှတ်မိသော်လည်း သူ့ပုံပန်းနှင့် အမူအရာက သဘောကောင်းသည့် အရိပ်အငွေ့များရှိနေသဖြင့် ယမန်နေ့ တွေ့စကတည်းက ကျွန်မသူ့ကို ခင်မင်မိခဲ့သည်။ သူသည် မကြာမီ ကလေးမွေးတော့မည်ဖြစ်၏။ "တီချာ၊ ကျွန်မကို တစ်ခုလောက် ကူညီပါ"ဟု သူက ပြောသည်။

"ရတယ်လေ"ဟု ကျွန်မက ပြန်ပြောသည်။ ကျွန်မကို လူတိုင်းက 'တီချာ'ဟု ခေါ်နေကြလေရာ ကျွန်မအဖို့ ထိုခေါ်သံသည် နားဝင်ချိုလျက်ရှိလေသည်။

"ကျွန်မအမေနာမည်က မဂ္ဂကာရှူးလို့ခေါ်ပါတယ်၊ အမေက ချစ်ကင်းမှာ လမ်းဘေးဆိုင်လေးတစ်ဆိုင် ဖွင့်ထားပါတယ်။ ကျွန်မ ဒီဇင်ဘာလအလယ်လောက်မှာ မီးဖွားလိမ့်မယ်လို့ ပြောပေးပါ"

"ပြီးတော့...မွေးရင်လည်း ယောက်ျားလေးဖြစ်လိမ့်မယ်လို့ ပြောပေးပါ"ဟု သူ့ခင်ပွန်းက ဝင်ပြောသည်။

"အမေ့ကို ပြောရင် မိန်းကလေးဖြစ်လိမ့်မယ်လို့သာ ပြောပေးပါ။ ကျွန်မ သိလို့ပြောတာပါ။ ကျွန်မနာမည်က ဂျင်နက်တီ တာဝစ်လီဂျာပါ။ သူ့နာမည်က အယ်လ်မာလို့ ခေါ်ပါတယ်"

mgyoe.com

mgyoe.com

"အမေက မဂ္ဂကာရှူး...၊ သမီးလာမှာက ဒီဇင်ဘာလ အလယ်၊ ဟုတ်ပြီ၊ တိချာ ပြောပေးမယ်"

ရှေ့ဆုံးတစ်နေရာမှ မစ္စတာ စထရောင်းသည် မြင်းပေါ်တက်လိုက်သည်။ ခွေလိပ်ထားသည့် ကြာပွတ်ကို ကိုင်ကာ သူ့မြင်းကို နောက်သို့ပြန်စီးလာပြီး ဝန်တင်တိရစ္ဆာန်တချို့အား ကြာပွတ်နှင့် တစ်ချက်နှစ်ချက်မျှ ရိုက်သည်။ ဝန်တင်တိရစ္ဆာန်များသည် ရှေ့နောက်တန်းစီကာ ရွေ့လျားသွားကြသည်။

တစ်ဦးတစ်ယောက်က ကျွန်မမြင်း ပန်းပွင့်၏ တင်ပါးကို လှမ်းပုတ်လိုက်သည်။ မြင်းသည် ရှေ့ဘက်ဆီသို့ ဖြည်းဖြည်းသာသာထွက်သွားသည်။ ကျွန်မသည် မြင်းကုန်းနှီးကို တအားဆုပ်ကိုင်ကာလိုက်ပါသွားသည်။ ဝန်တင်တိရစ္ဆာန်များကို မီလာသောပန်းပွင့်သည် သူတို့ဘေးမှကပ်၍လိုက်ပါသွားသည်။ သစ်တောကြီးအတွင်းသို့ ဝင်ရတော့မည့် အစပ်သို့ ရောက်သည့်အခါ ပန်းပွင့်သည် ရပ်နေသည်။

မစ္စတာ စထရောင်းသည် သူ့မြင်းကိုနှင်ကာ ကျွန်မအနီးသို့ရောက်လာသည်။ မြင်းပေါ်၌ထိုင်ရင်း ယိမ်းထိုးနေသော ကျွန်မသည် သူ့အားဆီး၍ ကြည့်နေမိ၏။ "မဒမ်"ဟု သူကစကားစသည်။ "မဒမ်က ဒီလမ်းခရီးကို တစ်ခါမှသွားဖူးတာမဟုတ်ဘူး၊ ကျုပ်နောက်က ကပ်ပြီးလိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်"

ကျွန်မသည် လာလမ်းရှိ အီးဂေးရွာကို တစ်ချက်မျှလှည့်ကြည့်မိ၏။ ယူကွန်မြစ်၏ စိမ်းမြမြရေပြင်ကို မြင်နေရပါသည်။ လူတချို့သည် ကျွန်မဘက်လှည့်ကာ လက်ပြ၍ နှုတ်ဆက်နေကြသည်။ ကျွန်မ ဝမ်းနည်းကြေကွဲမိပါသည်။

ကျွန်မသည် လွန်ခဲ့သော သီတင်းနှစ်ပတ်ကတည်းက ခရီးရှည်တစ်ခုကို ထွက်လာခဲ့ခြင်းဖြစ်၍ လမ်းတစ်လျှောက်လုံး တခင်တမင်ရှိလှသောလူများနှင့် တွေ့ခဲ့ရ၏။ အခုအချိန်ထိ ကျွန်မကိုမွေးဖွားရာ ကော်လိုရာဒိုပြည်နယ်မှ ကျွန်မ ဆရာမလုပ်နေသော အိုရီဂွန်းပြည်နယ်အရောက်လာခဲ့ရသောခရီးသည် ခရီးရှည်ကြီးတစ်ခု ဖြစ်လေသည်။

မြောက်ပိုင်းတွင် မိန်းမများများစားစားမရှိဟူသော စကားကို ကျွန်မ ကြားခဲ့ရဖူးသော်လည်း ကျွန်မသွားလေရာတွင် ကျွန်မကို မိန်းမလှတစ်ဦးအဖြစ်

mgyoe.com

mgyoe.com

အသိအမှတ်ပြုခံရလိမ့်မည်ဟုကား ကျွန်မ မမျှော်လင့်ခဲ့မိပါ။ သို့သော်လည်း ကျွန်မအား ထိုကဲ့သို့ အသိအမှတ်ပြုခဲ့ကြပါသည်။ ဂိုက်အော့စ်နှင့်ဒေါ်ဆန်တွင် ကျွန်မကို ဂုဏ်ပြုသည့်ကပွဲများ ပြုလုပ်ခဲ့ကြသည် မဟုတ်ပါလား…။

ကျွန်မသည် ထိုစဉ်က ကျွန်မကိုယ်ကျွန်မ မှန်ထဲတွင် နှစ်ကြိမ်ထက် မနည်းကြည့်မိသည်။ ကျွန်မထင်တာထက်များ ပိုချောနေလေသလားဟု တွေးမိ၍ ဖြစ်၏။ သို့သော်လည်း မိမိကိုယ်မိမိ အသေအချာကြည့်အပြီးတွင်မူ ကျွန်မသည် ဘာမှမထူးခြားသည့် အင်နီပေါ့ဘ်ပါဒီ အဖြစ်၌သာရှိနေသည်ကို ပြန်၍ သတိထားမိခဲ့ပါသည်။

ကျွန်မ၏ မျက်လုံးအစုံသည် မီးခိုးရောင်ဖြစ်၏။ နှာခေါင်းသည် ကြည့်၍ မဆိုးလှ၊ သွားများသည် ဖွေးဖွေးလှုပ်နေသည်။ ကျွန်မ ဆံပင်သည် ရှည်လျား လှသည်ဖြစ်ရာ မေရီပစ်ဖို့ဒ်နှင့် အနည်းငယ်မျှ ဆင်တူကောင်း ဆင်တူပါလိမ့်မည်။

နောက်ဆုံးအစုဖြစ်သော ဝန်တင်တိရစ္ဆာန်များသည် ကျွန်မအား ကျော်ဖြတ်သွားခဲ့ကြလေပြီ။ ပန်းပွင့်သည် သူတို့နောက်မှ လိုက်သွားသည်။ သစ်တောအဝင်မှစ၍ ထူထပ်သိပ်သည်းလွန်းလှသော နွယ်ပင်ကြီးများသည် လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ပိတ်ဆို့ကာဆီးလျက်ရှိသဖြင့် တောအုပ်၏ အခြားတစ်ဘက်ရှိ တောင်တန်းကြီးများကို မမြင်ရချေ။

ရာသီမှာပူပြင်းလှချေသည်။ ကျွန်မ၏ ဂျက်ကက်အင်္ကျီကိုပင် ရင်ဖွင့်လိုက်ရ၏။ အခု ကျွန်မရောက်နေသောနေရာသည် အလားစကားပြည်နယ်မှ ဟုတ်ပါလေစ…။ အခုမှ စက်တင်ဘာလေးရက်ပဲ ရှိသေးသည်။ ကျွန်မ မျှော်လင့်ထားခဲ့သည်မှာ မြေပြင်ထက်တွင် ဆီးနှင်းခဲများကိုသာ မြင်ရလိမ့်မည်ဟု…။

ရုတ်တရက် ကျွန်မတို့သွားနေသောလမ်းသည် ကျဉ်းသွားသည်။ လမ်းဘေး ဝဲယာရှိ သစ်ပင်ကြီးများနှင့် ခြုံနွယ်ကြီးများ တိုး၍ တိုး၍ ထူထပ်လာနေခြင်းကြောင့်ဖြစ်၏။ မစ္စတာ စထရောင်းအနေဖြင့် ကျွန်မအား ဘာကြောင့် ကုတ်အင်္ကျီပေးခဲ့သည်ကို အခုမှပင် ကျွန်မ နားလည်သည်။

ကျွန်မသည် မြင်းကို ရှေ့ပိုင်းရောက်သည်အထိစီးသွားပြီး မစ္စတာ စထရောင်းထံမှ ကုတ်အင်္ကျီပြန်တောင်းရန် စိတ်ကူးမိလိုက်သည်။ သို့တစေလည်း

mgyoe.com

mgyoe.com

လမ်းက သိပ်ကျဉ်းလွန်းသဖြင့် ဘေးမှ ပတ်၍တက်ရန် မလွယ်။ ကျွန်မအနေဖြင့် မြင်းပေါ်၌ ထိုင်နေရသည်မှာလည်း သိပ်ပြီးအဆင်မပြေ၊ ခြေနင်းကွင်းထဲ နင်းထားသည့် ခြေထောက်များကလည်း ချော် ချော်ထွက်နေသည်။ မြင်းကို နိုင်အောင် ထိန်းချုပ်နေရသဖြင့် ခြေထောက်နှစ်ဖက်စလုံး တောင့်တင်းကာ နာကျင်ကိုက်ခဲလျက်ရှိလေပြီ။

ကျွန်မသည် မြင်းဇက်ကြိုးကိုအသားကုန်ဆွဲကာ ပန်းပွင့်အား ဖြည်းဖြည်း မှန်မှန်သွားရန် ထိန်းချုပ်ထားသည်။ ထိုအခါကျတော့လည်း သူသည်နောက်သို့ ပြန်လှည့်ကာ ကျွန်မ၏ခြေထောက်ကို ကိုက်ရန်အားထုတ်ပါလေသည်။

နောက်တစ်နာရီခန့်ကြာသောအခါ မြေပြင်သည် ဖြုန်းခနဲ နိမ့်ဆင်း သွားသည်။ မြင်းသည် နက်ရှိုင်းသော တောင်ကြားအတွင်းသို့ ဆင်းစပြုသည်။ ကျွန်မသည် မြင်း၏ဦးခေါင်းပေါ်မှ ကျော်၍ လိမ့်ကျသွားမည်ကို ကြောက်ရွံ့ လျက် ရှိ၏။ တောင်ကြားလမ်းအဆင်း တစ်ဝက်ခန့်ရောက်သည်အထိ မြင်း ကုန်းနှီးထိပ်ကို တအားဆုပ်ကိုင်ထားသည်။

ကျွန်မ၏ ဂျက်ကက်အင်္ကျီမှာ ရစရာမရှိအောင် စုတ်ပြဲနေလေပြီ။ ကျွန်မ တွင် ဒိုချင်စိတ်မှတစ်ပါး အခြား ဘာဆန္ဒမှ မရှိတော့ပါ။ ထိုအခိုက်မှာပင် နေရောင်သည် ဖျတ်ခနဲပျောက်သွားလေရာ အမှောင်ရိပ်သည် ဝင်ရောက်လာပြီး အအေးဓာတ်ပါ လွှမ်းခြုံလာသည်။

မိနစ်အနည်းငယ်မျှအကြာတွင် ဆီးနှင်းအချပ်အလွှာလေးများသည် တဖြည်းဖြည်းချင်း တဖွဲဖွဲကျဆင်းလာလေရာ ရာသီဥတုသည် ဆောင်းဥတု အလယ်နှင့် တူလာသည်။ ကျွန်မ တောင်ကြား၏အောက်ခြေသို့ ရောက်သွားသည့် အခါ အေးလွန်းသဖြင့် မေးချင်းရိုက်ကာ ခိုက်ခိုက်တုန်လျက်ရှိသည်။ လက်များမှာ ထုံလျက်ရှိလေရာ လက်ချောင်းများကိုပင် လှုပ်၍မရဖြစ်နေခဲ့လေပြီ။

ဝန်တင်တိရစ္ဆာန်များသည် ရပ်သွားကြသည်။ မစ္စတာ စထရောင်းသည် စစ်ကုတ်အင်္ကျီကြီးကို လက်မောင်းပေါ်တွင်တင်၍ သူ့မြင်းကို နောက်သို့ ပြန်လှည့်ကာ ကျွန်မဆီသို့ စိုင်းလာသည်။ ကျွန်မအဖြစ်ကို ကြည့်ပြီး ခေါင်း တခါခါ လုပ်နေသော်လည်း ဘာမှတော့ မပြောပါ၊ သူသည် ကျွန်မ ကုတ်အင်္ကျီ ဝတ်နိုင်အောင် ဘေးမှနေ၍ ကူညီပေးလျက်ရှိလေသည်။

mgyoe.com

mgyoe.com

အင်္ဂါဝတ်အပြီးတွင် ကျွန်မတို့သည် ခရီးဆက်ကြသည်။ အကယ်၍သာ သူက ကျွန်မအား ဘယ်လိုနေသလဲဟု မေးပါမူကား ကျွန်မငိုမိပေလိမ့်မည်။ ဆီးနှင်းများသည် ဆက်လက်၍ကျဆင်းနေဆဲ…။ မြေပြင်နှင့်ထိသမျှ ဆီးနှင်းများသည် ချက်ချင်း အရည်ပျော်သွားသည်ကို မြင်နေရ၏။ နောက်ဆုံးတွင် ဆီးနှင်းများ အကျရပ်သွားလေသည်။

တစ်ကြိမ်သော် မစ္စတာ စထရောင်းသည် ကျွန်မဆီသို့ မြင်းကိုစီးလာပြီး မြင်းပေါ်ထိုင်ရတာ အဆင်ပြေရဲ့လားဟု မေးသည်။ ချောမနေဘူးလားဟုလည်း မေးသည်။

"ကျေးဇူးပါပဲ"ဟု ကျွန်မက ပြန်ပြောသည်။ "ဆီးနှင်းခဲတွေက ကုန်းနှီးပေါ်မှာ အရည်ပျော်ပျော်သွားတော့ ကျွန်မဘောင်းဘီက ကပ်နေတယ်"

မစ္စတာ စထရောင်းက ပြုံးသည်။ ကျွန်မ သူ့အားစတွေ့ပြီးကတည်းက ပထမဆုံးမြင်ရသည့် အပြုံးဖြစ်သည်။

ကျွန်မတို့သည် ဂရေးဗဲဂူလတ်ချ်၌ ခဏတာရပ်နားကာ နေ့လယ်စာ စားကြသည်။ ဤမှာဘက်ရှိ ဆင်ခြေလျှောများတွင် မိုးမခပင်များသည် ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

ထိုနေရာမှ ခရီးဆက်သည့်အခါ သွားရသည်မှာ ပို၍ လွယ်ကူလာသည်။ တောပိုင်းဒေသတစ်လျှောက်လုံး တောင်ကုန်းများနှင့် ပြည့်လာသည်။ မြင်းကုန်းနှီးပေါက်သော ဒဏ်ရာများသာမရှိလျှင် မည်မျှကောင်းပါမည်နည်း။ တောင်ကုန်းအတက်အဆင်းများသည် အလွန်ချောမွေ့ပြေပြစ်လှသည်ဖြစ်ရာ မြင်းစီး၍ ကောင်းမည့်အနေအထားဖြစ်ပေသည်။

ဘာကြောင့်ရယ်ဟုမသိ။ ကျွန်မ၏ ရင်ထဲတွင် စိတ်လှုပ်ရှားစရာ ကောင်းသည့်အရာတစ်ခုတော့ ဖြစ်လာလိမ့်မည်ဟု ထင်နေမိ၏။ တစ်နေရာ ရောက်၍ ချောင်းငယ်တစ်ခုနှင့်တွေ့သည့်အခါ မြင်းများကို ရေတိုက်သည်။ ကျွန်မတို့ကိုယ်တိုင်လည်း ချောင်းရေကို သောက်ကြသည်။ ချောင်းအနီးရှိ သစ်ပင်ကြီးတစ်ပင်တွင် သံနှင့်ရိုက်၍ ချိတ်ထားသော သောက်ရေခွက်သံခွက် တစ်လုံးရှိနေသည် မဟုတ်ပါလား။

mgyoe.com

mgyoe.com

နေဝင်ဆည်းဆာအချိန်သည် နာရီအတော်ကြာသည်။ ထို့နောက် အမှောင်ရိပ်များ ကျလာသည်။ ကျွန်မတို့ လစ်ဘာတီသို့ရောက်သည့်အခါ ည ရှစ်နာရီကျော်သွားခဲ့လေပြီ။ ကြည့်စရာဆို၍ ထူးထူးခြားခြား ဘာတစ်ခုမျှမရှိပါ။ ကျွန်မသည် မြင်းဇောင်းတစ်ခုနှင့် မလှမ်းမကမ်းရှိ ခနော်နီခနော်နဲ့ တဲတစ်လုံးတွင် ဝင်ခိုရသည်။ မီးဖိုတစ်ခုဘေးရှိ ကြမ်းပြင်ထက်တွင် အိပ်ရာလိပ်ကို ဖြန့်ခင်းကာ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ပင်ပန်းလွန်းအားကြီးသဖြင့် ချက်ချင်းပင် အိပ်မောကျသွားလေသည်။

နောက်နေ့တွင် ကျွန်မတို့သည် လစ်ဘာတီမှ အစောကြီးထွက်သည်။ တစ်နေ့လုံးနီးပါးမျှ ကျွန်မတို့သည် ချောင်းငယ်နှင့်တောင်ကုန်းများ ပေါများလှသည့် မြေပေါ်၌ မြင်းများကို စီးသွားနေကြရ၏။ မွန်းလွဲချိန်ရောက်သော် ကျွန်မ၏ တင်ပါးများမှာ ကုန်းနှီးပေါက်သဖြင့် မခံနိုင်အောင် နာကျင်လျက်ရှိလေပြီ။

အတန်ကြာသော် ကျွန်မတို့သည် မြင့်မားသော ကုန်းတန်းတစ်ခုကို လှမ်းမြင်နေရသည်။ မစ္စတာ စထရောင်းက ကျွန်မအား တစ်ချက်လှမ်းကြည့်ပြီး "အဲဒီဘက်ကို သွားကြည့်ပါလား မဒမ်"ဟု ပြောသည်။ သူလက်ညှိုးထိုးပြသည့်နေရာမှာ ကိုက်တစ်ရာခန့်ဝေးမည်ဟုထင်သည်။ ကျွန်မသည် မြင်းကို အသာအယာတို့ကာ ထိုနေရာသို့ နှင်ခဲ့ပါသည်။

ကျွန်မမြင်လိုက်ရသော ရှုခင်းသည် ကျွန်မခံစားနေရသည့် တစ်ကိုယ်လုံးနာကျင်ကိုက်ခဲမှုဝေဒနာကိုပင် မေ့ပျောက်သွားစေခဲ့ပါသည်။ နေသည် အလှမ်းအလွန်ဝေးသော တောင်တန်းကြီးများအောက်သို့ ငုပ်လျှိုးစပြုနေသည်။ မြေပြင်တစ်ခုလုံးသည် ပြာမှိုင်းမှိုင်း ခြုံလွှာကြီးတစ်ခုအောက်သို့ ရောက်နေသည်။

အောက်ဘက်အနိမ့်ပိုင်း ဆင်ခြေလျှောတစ်လျှောက်တွင် ထင်းရှူးပင်များကို တွေ့နေရ၏။ တောင်တန်းများ၏ တစ်ဖက်တွင်မူ များပြားလှစွာသော မြေများ...၊ ထိုမြေများပေါ်တွင် ထူထပ်စွာ ပေါက်ရောက်နေကြသည့် သစ်ပင်များ...။ ထိုသစ်ပင်များ၏ အခြားတစ်ဖက်တွင် ဖော်တီးမိုင်မြစ်၏ ရေပြင်...။ ထိုမြစ်၏ရေများသည် ဖော်တီးမိုင်မြို့အရောက်တွင် ယူကွန်မြစ်တွင်းသို့ စီးဆင်းကြလေသည်။

mgyoe.com

mgyoe.com

အောက်တည့်တည့်ရှိ မြစ်၏ အခြားတစ်ဖက်တွင် မြေကော နှစ်ဆယ်ခန့်ရှိလိမ့်မည်ဟု ယူဆရသော ထွန်ယက်ပြီးသား ယာခြံတစ်ခုကို မြင်နေရ၏။ ခြံအတွင်း၌ အနီရောင်ကျိုကြီးတစ်လုံးသည် တစ်ဖက်၌တည်ရှိနေပြီး ယင်း၏ အနီးတွင် သစ်လုံးကြီးများဖြင့် ဆောက်လုပ်ထားသော ပန်းခင်းများ ဝိုင်းရံလျက်ရှိသည့် အဆောက်အအုံတစ်လုံးကို မြင်နေရလေသည်။

ကျွန်မ၏ဘေးသို့ရောက်လာသော မစ္စတာ စထရောင်းက "အဲဒါ စတီးချောင်းပေါ့"ဟုပြောသည်။ "ဟိုး အောက်ဘက်မှာရှိနေတဲ့ မြစ်ထဲကို စီးဝင်တယ်၊ အဲဒီမှာ 'ပရင်းတစ္စ'စားသောက်ဆိုင် ရှိတယ်။ အဲဒီကို ရောက်ရင် ရေနွေးနဲ့ ရေချိုးရမယ်"

မစ္စတာ စထရောင်းပြောထားသည့် ဆိုင်သို့ရောက်သည့်အခါ ကိုယ်ခန္ဓာတုတ်ခိုင်ခိုင်၊ ဆံပင်ဖြူဖြူနှင့်ဆိုင်ပိုင်ရှင် မစ္စက် ပရင်းတစ္စနှင့်ဆုံမိသည်။ သူသည် ကျွန်မအား အခန်းတစ်ခန်းအတွင်းသို့ ဝင်ခိုင်းပြီး အဝတ်အစားများချွတ်ခိုင်းထားခဲ့သည်။ ခဏမျှအကြာတွင် သူသည် ဖလန်နယ်အင်္ကျီရှည်ကြီးတစ်ထည် ကိုင်၍ ပြန်ရောက်လာသည်။ ကျွန်မကို ရေချိုးခန်းထဲသို့ ခေါ်သွားပြီး ရေနွေးအပြည့်ထည့်ထားသော စည်ပိုင်းတစ်လုံးထဲ၌ ထိုင်ခိုင်းသည်။

"ဒါ တို့သမီး နန်စီပေါ့"

မစ္စက် ပရင်းတစ္စက သူခေါ်လာသည့် မိန်းကလေးကို လက်ညှိုးထိုးပြပြီး မိတ်ဆက်ပေးသည်။ မိန်းကလေးဘက်သို့ လှည့်၍ "သမီး သူနဲ့ နေခဲ့၊ အမေ ညစာ လုပ်ရဦးမယ်၊ သူ အိပ်ပျော်မသွားစေနဲ့"ဟု မှာသည်။

ကျွန်မသည် စည်ပိုင်းထဲ၌ ခင်းထားသည့် ရာဘာအခင်းပေါ် လျှောချလိုက်ကာ ဦးခေါင်းကို စည်ပိုင်း၏သစ်သားနှုတ်ခမ်းထက်၌ တင်ထားလိုက်သည်။ နန်စီသည် ကုလားထိုင်တစ်လုံးတွင် ထိုင်လျက်...။ သူ့ကိုကြည့်ရသည်မှာ စိတ်လှုပ်ရှားနေဟန် ရှိ၏။ သူ့မျက်လုံးစိမ်းစိမ်းများသည် ပတ်ဝန်းကျင်ရှိ နေရာတိုင်းကို ကြည့်နေသော်လည်း ကျွန်မကိုတော့ မကြည့်ပေ။ ကျွန်မက သူ့ကို ကျွန်မအနားမှာနေဖို့ မလိုဟု ပြောသည်။ "တို့... မအိပ်ပါဘူး"

"သေချာရဲ့လား"

"စိတ်ချပါ၊ နေရတာ သိပ်ကို ကောင်းတယ်"

mgyoe.com

mgyoe.com

ကျွန်မသည် မစွက် ပရင်းတစ္စရောက်လာချိန်အထိ စည်ပိုင်းထဲမှ မထ။ မစွက် ပရင်းတစ္စသည် ယောက်ျားလေးဝတ် အတွင်းခံ ဘောင်းဘီရှည်တစ်ထည် လှမ်းပေးသည်။ "အဟောင်းတော့ အဟောင်းပဲ"ဟု ပြောသည်။ "ဒါပေမယ့် သိပ်နွေးတယ်"

ထို့နောက် သူ ညစာယူလာချိန်အထိ မအိပ်နဲ့ဦးဟု မှာကာ ပြန်ထွက်သွားသည်။ သူ ယူလာသည့်ညစာတွင် ဝက်ဝံပေါက်စအသားပါသည်။ ဝက်သားလိုပင် နူးညံ့ပြီး အရသာရှိလှ၏။ ကျွန်မသည် သူယူလာသည့် ညစာကို ကုန်အောင် စားပစ်လိုက်ပါသည်။

နောက်တစ်နေ့ မနက် နံနက်စာ စားနေချိန်တွင် မစွက် ပရင်းတစ္စက "တီချာ စာသင်ပေးတဲ့အလုပ် လုပ်နေတာ ဘယ်လောက်ကြာပြီလဲ"ဟု မေးသည်။

"နှစ်နှစ်"

"လူတစ်ယောက်ဟာ ကျောင်းတက်ခဲ့တာလည်း ကြာရက်သားနဲ့ စာမဖတ်တတ်တာ ဘာကြောင့်လို့ ထင်သလဲ"

"မပြောတတ်ဘူး"ဟု ကျွန်မက ပြောသည်။ "အကြောင်းတွေ အများကြီး ရှိနိုင်တာပဲ"

"တစ်ခုလောက် ကူညီဖို့ပြောချင်တယ်"ဟု သူက ပြောသည်။ "ကိုယ့်သမီး နန်စီကို ချစ်ကင်းမှာ တီချာနဲ့အတူနေခွင့်ပြုပေးစေချင်တယ်"

သူ့စကားကြောင့် ကျွန်မသည် များစွာ အံ့အားသင့်ကာ ဘယ်လို ဖြေရမှန်း မသိ ဖြစ်နေသည်။

"ကိုယ်က အခကြေးငွေပေးဖို့အသင့်ပါ"ဟု သူက ဆက်ပြောသည်။ "အခမဲ့လုပ်ပေးဖို့ မတောင်းခံချင်ပါဘူး"

"ဒါပေမယ့် နန်စီနဲ့ကျွန်မက တစ်ယောက်အကြောင်း တစ်ယောက် သိမှ မသိကြသေးတာ"

"အဲဒါက အရေးမကြီးပါဘူး။ ကိုယ့်သမီး နန်စီက အခုထက်ထိ စာကောင်းကောင်း မဖတ်နိုင်သေးဘူး။ ဒီကိစ္စမှာ တီချာ ကူညီနိုင်လိမ့်မယ်လို့ ထင်တယ်"

mgyoe.com

mgyoe.com

"ဒါပေမယ့် သူ့အတွက် ကျွန်မမှာ နေစရာအခန်းပေးနိုင် မပေးနိုင် ဆိုတာတောင် မသိသေးတော့ ခက်တယ်"

"သီးသန့်အခန်းမပေးနိုင်လည်း ဖြစ်ပါတယ်။ သူ ကြမ်းပေါ်အိပ်လို့ရတာပဲ။ ဒီမယ်...တီချာ...၊ တီချာဟာ အတွေ့အကြုံမရှိသေးတဲ့ 'ချီချာကို'တစ်ယောက် ဖြစ်နေတယ်။ တီရှာ ဒီဒေသအကြောင်း ဘာမှ သိသေးတာမဟုတ်ဘူး...။ နန့်စိသာရှိရင် တီချာ့အတွက် အများကြီးအကူအညီရမှာ..."

'ချီချာကို'ဟူသော စကား၏ အဓိပ္ပာယ်ကို ကျွန်မသိနားလည်ထားပြီး ဖြစ်သည်။ ထိုစကားလုံး၏ အဓိပ္ပာယ်မှာ 'လူစိမ်း၊ လူသစ်'ဟူ၍ဖြစ်သည်။

"ကျွန်မ စဉ်းစားပါရစေဦး..."ဟု ကျွန်မပြောကာ သူ့အနီးမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

မစွက် ပရင်းတစ္စ၏လေသံသည် ပြောင်းသွားသည်။ "ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တော့မယ်... တီချာ။ တီချာဟာ နန့်စိအတွက် အဆင်ပြေမယ်လို့ ထင်တယ်။ တီချာကို အမေပြောပေးပါလို့ နန့်စိက ပူဆာနေလို့ ကျုပ်က ပြောနေရတာ။ သူ့ကို အီးဂေးမြို့ပို့ပြီး စာသင်ခိုင်းရင် ရပါရဲ့။ သူက မစွက် ရှူးနေးကို သဘောမကျလို့ ခက်တယ်"

နန့်စိသည် တံခါးနောက်တွင်ပုန်းကာ ကျွန်မတို့ပြောသမျှကို နားထောင် နေသည်ဟု စိတ်ထဲက သိနေသည်။ ထိုင်ရာမှ ထရပ်လိုက်ပြီး "ကျွန်မ စဉ်းစား ပါရစေဦး"ဟု ထပ်ပြောရသည်။

မစ္စတာ စထရောင်းသည် မြင်းဖောင်းထဲရောက်နေပြီ၊ ခရီးဆက်ထွက်ရန် ပြင်ဆင်လျက်ရှိ၏။ ကျွန်မက မစွက် ပရင်းတစ္စ၏အဆိုပြုချက်ကို ပြောပြသည့် အခါ မစ္စတာ စထရောင်းက "ကောင်းသားပဲ၊ တောကြီးမျက်မည်းထဲနေရတာ မလွယ်လှဘူး မဒမ်။ မဒမ့်လို လူစားဆိုရင် ပိုခက်တယ်။ နန့်စိက မဒမ်ကို အများကြီး သင်ပေးနိုင်မှာ သေချာတယ်"

မှန်ပါသည်။ နန့်စိလို ဤဒေသအတွေ့အကြုံရှိသူသည် ကျွန်မ၏နေရေး ထိုင်ရေးကို ချောမောပြေပြစ်နေအောင် ကူညီနိုင်စရာရှိနေပါသည်။ တွဲ၍နေကြ မည်ဆိုပါက သူနှင့်ကျွန်မသည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကူညီနိုင်ကြလိမ့်မည် မဟုတ်ပါလား။

mgyoe.com

mgyoe.com

ကျွန်မတို့ ခရီးမဆက်မီကလေးမှာပင် ကျွန်မက နန်စီအား ကျွန်မနှင့် ထားလိုက ထားနိုင်ပါသည်ဟု မစွက် ပရင်းတစွအား အသိပေးလိုက်သည်။ မစွက် ပရင်းတစွကလည်း နောက်သီတင်းပတ်အနည်းငယ်အတွင်း သူ့သမီး နန်စီအား မစွတာ စထရောင်းနှင့် ထည့်လိုက်မည်ဟု ပြောလေသည်။

●

စတီးချောင်းကို ကျော်ဖြတ်ခဲ့ပြီးနောက် မိုင်အနည်းငယ်မျှရောက်သွားသည့်အခါ ကျွန်မတို့နှင့် အတော်ကြီး ကွာလှမ်းသေးသည့် နေရာတစ်နေရာ၌ လူတစ်စုအခြေစိုက်ထားသည့် အရပ်တစ်ခုကို လှမ်းမြင်နေရသည်။ ဖော်တီးမိုင်မြစ်၏ ကမ်းခြေတစ်လျှောက်၌ဖြစ်၍ တဲအလုံးပေါင်း ဆယ့်ငါးလုံးခန့်ရှိပေလိမ့်မည်။ "အဲဒါ အင်ဒီးယန်းရွာတစ်ရွာပေါ့"ဟု မစွတာ စထရောင်းက ပြောသည်။ "ကျုပ်တို့ အဲဒီမှာ နားကြမယ်"

အိမ်များအနီးသို့ ရောက်သွားသည့်အခါ ကျွန်မသည် အထိတ်တလန့်ဖြစ်မိသည်။ ကျွန်မအဖေသည် ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ယောက်ဖြစ်ခဲ့ဖူးပါ၏။ ထိုစဉ်က အဖေသည် ကော်လိုရာဒိုပြည်နယ်၏ အကျည်းတန်လွန်းလှသော သတ္တုတွင်းမြို့ တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရဖူးလေသည်။

ဤနေရာမှ ကျွန်မနေခဲ့ဖူးသော ကျောက်မီးသွေးတွင်းတူးလုပ်သားမြို့များထက် အဖက်ဖက်တွင် ပို၍ဆိုးသောနေရာဖြစ်နေသည်။ ကျူးကျော်ရပ်ကွက်များ၌ တွေ့မြင်ရတတ်သည့် တဲများလို တဲစုတ်တဲကုတ်များသာ ဖြစ်၏။ အနည်းငယ် သန့်ပြန့်သောတဲဟူ၍ သုံးလေးလုံးမျှသာ ရှိ၍ ကျန်တဲများမှာ နေထိုင်၍ မသင့်လောက်အောင်ပင် စုတ်ချာလျက်ရှိကြလေ၏။

တဲအများစုမှာ ပြိုကျတော့မလားထင်ရ၏။ ဗလပွဖြစ်နေသောအပေါက်များကို ကတ္တရာစက္ကူများဖြင့် ဖာထားပြီး အချို့နေရာများတွင် သံပြားပေါင်းများ၊ တိရစ္ဆာန်သားရေပေါင်းများဖြင့် ဖာထားသည်ကို တွေ့မြင်နေရသည်။ သံချေး

mgyoe.com

mgyoe.com

တက်နေသော ပုံးစုတ်များ၊ ပုလင်းများနှင့် ငါးရိုးများသည် တဲများ၏ရှေ့ မြေပြင်ပေါ်တွင် ပြန့်ကြဲလျက်ရှိလေရာ ထိုနေရာများဆီမှ ပုပ်ဟောင်ဟောင် အနံ့များသည် ထောင်းထောင်းထလျက် ရှိလေသည်။

ကျွန်မတို့ မြင်းများကို စီး၍ ဝင်သွားကြသည့်အခါ လူအများသည် တဲ တံခါးဝများ၌ ရပ်ကာ ကျွန်မတို့ကို ကြည့်နေကြသည်။ အီးဂေး၌ရှိသော အင်ဒီးယန်းများသည် ဆင်းရဲကြ၍ ဤနေရာမှ အင်ဒီးယန်းများသည် ဘာမျှ ရှိကြပုံ မပေါ်ပေ။ မိန်းမ ယောကျာ်း အားလုံး၏ အဝတ်အစားများသည် ညစ်ပတ်ပေရေကာ အစုတ်စုတ်အပြတ်ပြတ် ဖြစ်လျက်ရှိကြလေသည်။

သံကြိုးများနှင့် တိုင်များ၌ချည်ထားသော ခွေးများသည် ကျွန်မတို့ လူစုကို ကြည့်ကာ ဟောင်ကြ ဟိန်းကြ မာန်ဖီနေကြသည်။ အဝတ်အစားစုတ်စုတ် ပြတ်ပြတ်နှင့် ဖိနပ်လုံးဝမပါသော ကလေးသူငယ်များသည် ကျွန်မတို့ဘေးမှ အပြေးအလွှား လိုက်လာနေကြသည်။ တချို့မှာ အဆုတ်နာရောဂါကြောင့် လည်ပင်းများတွင် အဖုအကြိတ်များထွက်နေကြသည်ကို မြင်နေရလေသည်။

ကျွန်မတို့သည် အိမ်တစ်လုံးရှေ့၌ ရပ်လိုက်ကြသည်။ 'ဒီမှာ စကူး ထရေး'ဟူသော ဆိုင်းဘုတ်ချိတ်ထားသည့်အိမ်ဖြစ်၏။ အိမ်ရှေ့၌ရပ်နေသော မိန်းမတစ်ယောက်ကို မစ္စတာ စထရောင်းမေးလိုက်သည့်အခါ ထိုမိန်းမက ခေါင်း ညိတ်သည်။ ပွင့်သွားသည့်တံခါးမှ ထွက်လာသူနှစ်ဦးမှာ အင်ဒီးယန်းတစ်ဦးနှင့် လူဖြူမတစ်ယောက်...။

လူဖြူမသည် မိန်းမလှတစ်ဦးဖြစ်သော်လည်း အင်ဒီးယန်းအမျိုးသားမှာ ကျွန်မတွေ့မြင်ဖူးသမျှအထဲတွင် အရုပ်အဆိုးဆုံးတစ်ဦးဖြစ်ပေ၏။ သူသည် အရပ် ပိန်ရှည်ရှည်ကြီးဖြစ်၍ လည်ပင်းတွင် အမာရွတ်များဖြင့် ပြည့်နေသည်။ သူတို့ နောက်မှပါလာသော အသက်ရှစ်နှစ်ရွယ်ခန့်ကလေးမှာ ပိန်လှီလှပါသည်။ သူသည် လူဖြူကပြားဖြစ်သည်မှာ သိသာလျက်ရှိပေသည်။

"ကောင်းသော နေ့ခင်းပါ မစ္စဝင်းတား"ဟု မစ္စတာ စထရောင်းက နှုတ်ဆက်သည်။ "ဟောဒီက အမျိုးသမီးငယ်က ချစ်ကင်းကို သွားမှာပါ။ သူ ခဏ နားဖို့လိုပါတယ်။ သူ့အတွက် အခန်းရနိုင်မယ်ဆိုရင် ကျေးဇူးတင်ရပါ လိမ့်မယ်"

mgyoe.com

mgyoe.com

"ပေးရမှာပေါ့"ဟု အမျိုးသမီးကပြောကာ ကျွန်မထံလျှောက်လာသည်။ ချစ်စရာကောင်းလှပါသည်။ မျက်လုံးအစုံက အပြာရောင်ဖြစ်၍ နက်မှောင်သော ဆံပင်ရှည်ရှည်ကို နောက်ဘက်၌စုထုံးထားသည်။ သူ့အဝတ်အစားမှာ အိမ်တွင် ရက်လုပ်ထားသည့်အစများဖြစ်၍ အင်္ကျီအနားများတွင် အင်ဒီးယန်းဒီဇိုင်းများ ကွပ်ထားသည်။

"ကျွန်မနာမည်က ကေသီဝင်းတားပါ"ဟုပြောကာ ကျွန်မအား မြင်းပေါ်မှ ဆင်းသာအောင် ကူညီပေးသည်။

"ကျေးဇူးပါပဲ"ဟု ကျွန်မက ပြန်ပြောသည်။ "ကျွန်မနာမည်က အင်နီ ဟော့ဘ်ပါ"

ဝင်းတားက သူ့ဘေးမှ အရပ်မြင့်မြင့် ပိန်ပိန် အင်ဒီးယန်းအား လက်ညှိုးထိုးပြသည်။ "သူက တီတပ်စ်ပေါလ်ပါ"။ ဝင်းတားသည် အင်ဒီးယန်းအား အတော်ကလေး ခင်မင်ပုံရ၏။ သူသည် ပုတီးစေ့များ စီခြယ်ထားသည့် သားရေ လက်ပြတ်အင်္ကျီဝတ်ထားသည်။

ကေသီက သူငယ်တစ်ယောက်အား သူ့စာများသွားယူခိုင်းသည်။ ထို့နောက် ကျွန်မအား အိမ်ထဲသို့ ခေါ်သွားပြီး ကြမ်းပြင်ပေါ်တွင် အညိုရောင် ဖယောင်းပုဆိုးခင်းထားသည့် ညစ်ထေးထေး မှုန်ကုပ်ကုပ်အခန်းကို ပြသည်။ ထိုအခိုက်မှာပင် သူခိုင်းလိုက်သော လူငယ်သည် ပြန်ရောက်လာပြီး လက်ထဲ၌ ပါလာသည့် စာများကို စားပွဲတစ်လုံးပေါ်တင်ပေးသည်။

"သူက ချပ်လို့ခေါ်တယ်"ဟု ကေသီကပြောသည်။ "ရှင် ဆက်သွားရမယ့်ခရီးတစ်လျှောက်လုံးမှာ သူဟာ ရှင့်အဖော်ဖြစ်လာမှာပါ။ သူက ချစ်ကင်းမှာရှိနေတဲ့ သူ့အမေဆီသွားမှာ၊ ချပ်ရေ...မစ္စဟော့ဘ်ကို နှုတ်ဆက်လိုက်ပါဦး"

ချပ်သည် ကျွန်မကို လှည့်မကြည့်ရဲလောက်အောင်ပင် ရှက်နေသည်။

"အို...ကွယ်၊ အဲသလို မလုပ်နဲ့...၊ လာ... ဒီကို"ဟု ကေသီက ခေါ်သည်။ "မင်းကို တို့သင်ထားတာ အဲဒီလို မဟုတ်ဘူးလေ။ သူက မင်းကို မကိုက်ပါဘူး။ သူလည်းပဲ ကေသီလို ဆရာမပဲ"

"အခုလိုသိရတာ ဝမ်းသာပါတယ်ခင်ဗျာ"ဟု သူငယ်က ပြောသည်။

mgyoe.com

mgyoe.com

ကျွန်မတို့ ကော်ဖီသောက်ကြသည့်အခါတွင်မှ ဤနေရာသည် ကေသီ နေထိုင်ရာအခန်းဖြစ်နေမှန်း ကျွန်မသိရပါသည်။ အဆောက်အအုံ၏ကျန်အစိတ် အပိုင်းသည် ကျောင်းဖြစ်၏။ သူပိုင်သောနေရာမှာ များများစားစားမရှိပါ။ သူ့အတွက်ယူထားသည့် ဤအခန်းသည် သက်သောင့်သက်သာတော့ရှိသည်။ အခန်းထဲတွင် စာအုပ်တွေအများကြီးမြင်နေရ၏။ နံရံများပေါ်တွင်မူ အင်ဒီးယန်း တို့၏ ပွဲတော်သုံးမျက်နှာဖုံး အများအပြားချိတ်ဆွဲထားလေသည်။

ကျွန်မတို့ အပြင်ထွက်လာကြသည့်အခါ မစ္စတာစထရောင်းသည် လားတစ်ကောင်ထက်မှ အထုပ်ကြီးတစ်ထုပ်ကိုချ၍ အထဲမှပစ္စည်းများကို မြေ ကြီးပေါ် သွန်ချနေသည်။ ထိုပစ္စည်းများကိုမှာလိုက်သော အင်ဒီးယန်းများသည် ဝိုင်းဝိုင်းလည်ဖြစ်နေကြ၏။ ပစ္စည်းရလျှင် ချက်ချင်းငွေပေးဖို့အတွက် ငွေစက္ကူ များကို အသင့်ကိုင်ထားကြသည်။ တစ်ဦးက ဒယ်အိုးဆိုလျှင် နောက်တစ်ဦးက ရေနံဆီမီးအိမ်...၊ တစ်ဦးက နို့ဆီဘူးဆိုလျှင် နောက်တစ်ဦးက လက်ဖက်ရည် အိုး... စသည်ဖြင့်...။

ကေသီက ကျွန်မအား အင်ဒီးယန်းဘာသာစကားဖြင့် သူတို့ကို မိတ်ဆက် ပေးသည်။ ကျွန်မသည် 'စကူးထရေး' နှင့်'ချစ်ကင်း'ဟူသော စကားလုံးများကို ရလိုက်ပါသည်။ ကျွန်မနှင့်မိတ်ဆက်ပေးသည့်အခါ မိန်းမများက ရှက်ရွံ့စိတ်ဖြင့် ရယ်ကြသည်။ အသက်ကြီးကြီး မိန်းမကြီးများမှာ ယောက်ျားအများစုကဲ့သို့ပင် မောပန်းနွမ်းနယ်နေသည့်ပုံမျိုးရှိကြ၏။ အများစုသည် တီဘီရောဂါ ရှိကြသည့် အရိပ်အငွေ့များပေါ်လွင်နေသည်။ ရွာတစ်ဝက်ခန့်မှာ ဤရောဂါစွဲကပ်နေသည်ဟု ကေသီက ကျွန်မအား ပြောပြပါသည်။

ကေသီက တဲအများအပြားနောက်ရှိ အစားအစာနှင့်ရိက္ခာများ သိုလှောင် သိမ်းဆည်းရာနေရာများကို ကျွန်မအား ပြသည်။ သူတို့ သိုလှောင်ရာပစ္စည်း များမှာ အသားခြောက်နှင့် ငါးခြောက်များသာ ဖြစ်၏။ စုဆောင်းသိမ်းဆည်း ထားနိုင်ကြသည်မှာလည်း များများစားစား မဟုတ်ဟု သိရပါသည်။ လူများစု သိုလှောင်ထားနိုင်သည်မှာ တကယ့်နည်းနည်းကလေးမျှသာဖြစ်သဖြင့် သနား စရာကောင်းသည်ဟု သိရပါသည်။

mgyoe.com

mgyoe.com

"ဒါပေမယ့်လို့ အဲဒီနေရာတွေမှာ တစ်ဆောင်းတွင်းလုံး ဘာပစ္စည်းမှ မထားဘူးလို့တော့ ပြောလို့မရဘူး"ဟု ကေသီကပြောသည်။ "အဲဒီထဲမှာ လူသေအလောင်းတွေ ထည့်ထားချင် ထည့်ထားကြရတယ်။ နွေဦးပေါက်လို့ အလောင်းတွေကို မြေမြှုပ်နိုင်တဲ့အချိန်ထိတော့ မထားလို့မဖြစ်ဘူး... မဟုတ်လား..."

"ဖြစ်မှဖြစ်ရလေ...၊ ဘာပြုလို့ အဲသလိုတွေ နေကြရတာလဲ"ဟု ကျွန်မက ရေရွတ်မိသည်။

"ဘာကြောင့်လဲဆိုတော့ သူတို့မှာက အားနည်းချက်တွေရှိတယ်။ လူဖြူတွေ ရောက်မလာခင် လွန်ခဲ့တဲ့အနှစ်လေးဆယ်လောက်က ဒီလူတွေဟာ မုဆိုးတွေ။ သူတို့ရဲ့အစားအစာက အများဆုံး အသားနဲ့အဆီတွေပဲ။ စားပြန်တော့လည်း အစိမ်းစားကြတာ...။ သူတို့မှာ ခွန်အားဆိုတာက အမြဲတစေ အပြည့်ရှိနေတာ...။ အခုကျတော့ သူတို့ဟာ လူဖြူတွေရဲ့ ဂျုံ၊ သကြား၊ စည်သွတ်အစားအစာနဲ့ ဆားနယ်သားငါးတွေကိုသာ စားနေကြရတာ။ ပြီးတော့ သူတို့သောက်နေကြတာက လူဖြူတွေရဲ့ အရက်..."

"ဒီ အင်ဒီးယန်းတွေက ဘာအုပ်စုဝင်တွေလဲ"ဟု ကျွန်မကမေးသည်။

"အေသာပတ်စ်ကန်လူမျိုးစုတွေပါ။ သူတို့ကို 'တပ်ဟပ်ကပ်ချင်း'လို့ ခေါ်ကြတယ်"

သူမသည် ကိုလံဘီယာတက္ကသိုလ်မှ ဘွဲ့ရခဲ့သူတစ်ဦးဖြစ်၍ သူ၏ ဒေါက်တာဘွဲ့အတွက် ဖော်တီးမိုင်ရှိ အေသာပတ်စ်ကန် အင်ဒီးယန်းများ အကြောင်း သုတေသနစာတမ်း ရေးသားတင်ပြခဲ့သည်ဟု ကေသီကပြောပြသည်။ 'တီတပ်စ်ပေါလ်'မှာ လူဖြူများက မိုလ်ကျ၍မရသော အင်ဒီးယန်း အနည်းငယ်ထဲမှ တစ်ဦးဖြစ်ကြောင်းနှင့် သူသည် ဤရွာတွင် တရားဝင် မဟုတ်သည့် အကြီးအကဲတစ်ဦးဖြစ်ကြောင်း စသည်များကိုလည်း ကျွန်မကို ပြောပြခဲ့ပါသည်။

အနီးတွင် ခြေခွင်ခွင်နှင့်အမယ်အိုတစ်ဦးကို ကျွန်မတို့မြင်နေကြရ၏။ သူ့ပါးစပ်ထဲတွင် သွားနှစ်ချောင်းသာလျှင်ရှိသည်။ "အဲဒါ လိမ်းမ်ဆာရာ...လေ" ဟု ကေသီက ပြောသည်။ "ရှင်နဲ့လိုက်လာမယ့် သူငယ်လေးက ဒီအဘွားကြီးနဲ့

mgyoe.com

mgyoe.com

နေတာ၊ အဘွားကြီးခမျာ သူ့ကိုယ်သူတောင် အနိုင်နိုင်ရယ်၊ အခုကောင်လေး ပြန်တော့မယ်ဆိုတော့ ဘုရားသခင်ကိုတောင် ကျေးဇူးတင်နေရတယ်"

ကျွန်မတို့ ခရီးဆက်ရန် အဆင်သင့်ဖြစ်လာသည့်အခါ အမယ်အိုနှင့် ချပ်တို့သည် လားတစ်ကောင်အနီး၌ရပ်နေကြသည်။ လားပေါ်တွင် ကုန်းနှီး တစ်ခုတင်ထားသည်။ အဘွားကြီးသည် သူငယ်အားဖက်ကာ နှုတ်ဆက်စကား ပြောသည်။ သူငယ်ကတော့ လားကိုသာကြည့်ပြီး ကြောက်လန့်တကြားဖြစ် လျက်ရှိ၏။ မစ္စတာစထရောင်းသည် သူငယ်အားမ၍ လား၏ကျောပေါ်သို့ တင်ပေးသည်။ "မင်း ငြိမ်ငြိမ်ထိုင်နေ9်..."ဟု မစ္စတာစထရောင်းက သတိပေး သည်။ "ငါပြောတာ နားလည်လား"

ထိတ်လန့်နေသောချပ်သည် အဖြေပြန်မပေး ခဲ့။

"သူ့ကိုတော့ ဂရုစိုက်လိုက်ပါ အင်နီ၊ ဒီကလေးက ဒီရွာရဲ့အပြင်ဘက်ကို မိုင်နည်းနည်းလောက်ပဲ သွားဖူးတာ၊ ကြောက်တာလန့်တာနဲ့တောင် သေမှာ စိုးရတယ်"ဟု ကေသီက ပြောသည်။

"ကျွန်မ ဂရုစိုက်ပြီး စောင့်ရှောက်သွားပါမယ်"

"မင်း မှတ်ထားနော်"ဟု ကေသီက ချပ်အားပြောသည်။ "တကယ်လို့ မင်းမှာ လိုအပ်တာရှိရင် မင်းအင်္ဂလိပ်စကားပြောတတ်နေတာပဲ၊ ဟော့ဒီ တီချာကို ပြောပေါ့၊ နားလည်လား..."

"အား..."ဟု သူကရေရွတ်သည်။

"နောက်ထပ် 'မအား'နဲ့တော့"ဟု ကေသီက ပြောသည်။ "အခုအချိန် ကစပြီး 'ဟုတ်ကဲ့'ပဲ ပြော...၊ နားလည်လား"

ချပ်က ခေါင်းညိတ်သည်။

"ဟုတ်ကဲ့...၊ပြောစရာရှိရင် 'တီချာ'ကို ပြောပါ့မယ်"

ဝန်တင်လားများ ထွက်ခွာသွားကြသည့်အခါ ကျွန်မတို့သည် မြစ်ကွေ့ အတိုင်း လိုက်သွားခဲ့ကြသည်။ ကျွန်မသည် အင်ဒီးယန်းရွာ၏ ဘုရားရှိခိုး ကျောင်းထိပ်မှ အဖြူရောင်သစ်သားလက်ဝါးကပ်တိုင်ကို နောက်ဆုံးအနေဖြင့် မြင်နေရ၏။ ထို့နောက် ထိုလက်ဝါးကပ်တိုင်သည် သစ်ပင်ကြီးများနောက်ကွယ်

mgyoe.com

mgyoe.com

တွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဆင်းရဲခြင်းနှင့် မမာမကျန်းခြင်းတို့သည် ထိုနေရာ၌ လွှမ်းမိုးလျက်ရှိ၏။ ကြောက်စရာကောင်းလှပါဘိခြင်း...။

မြစ်ကမ်းပါးဘေးအတိုင်းသွားနေချိန်အထိတော့ ချပ်သည် ဘာပြဿနာမှ မရှိ။ မြစ်ကမ်းပါးမှ ဖဲ့ထွက်ပြီး တောအုပ်ကြီးထဲ ဝင်မိသည့်အခါတွင်မူ ချပ်၏ လားသည် ရှေ့မှကန့်လန့်ခံနေသော ခုတ်လှဲထားသည့်သစ်ပင်ကို ခုန်လွှား၍ ကျော်ရာမှ လားပေါ်မှချပ်သည် လိမ့်ကျလေတော့သည်။

သူသည် လဲကျနေရာမှ ကပျာကယာ လေးဘက်ထောက်၍ထသည်။ လားနောက်သို့ ဒုန်းစိုင်း၍ပြေးလိုက်သည်။ သို့သော်လည်း လားကမရပ်၊ သူသည် လားကို မမိတော့သဖြင့် လမ်းဘေးတစ်နေရာ၌ ရပ်နေသည်။ ဒေါသကြောင့် မျက်ရည်များသည် သူ့ပါးနှစ်ဖက်တွင် စီးကျလာသည်။

မလှမ်းမကမ်းရှိ ကျောက်တုံးကြီးဆီသို့ ကျွန်မမြင်းကိုစီးသွားပြီး ချပ်အား လှမ်းခေါ်သည်။ "ကျောက်တုံးကြီးပေါ်တက်၊ အဲဒီပေါ်ကနေပြီး မြင်းပေါ်ကို လှမ်းတက်"

သူသည် ကျွန်မပြောသည့်အတိုင်း လိုက်လုပ်သည်။ ကျွန်မ၏နောက်တွင် ဝင်ထိုင်သည်။ ကျွန်မမြင်းကိုဆက်စီးလာသည့်အခါ သူသည် ကျွန်မခါးကို တအားဖက်၍လိုက်ပါလာသည်။ ကျွန်မတို့ရှေ့တည့်တည့်တွင် မစ္စတာစထရောင်းသည် ထွက်ပြေးသွားသည့်လားကို ဆွဲလာနေသည်။ မစ္စတာစထရောင်းက ကျွန်မအား လှမ်းကြည့်နေသည်။

"ကိစ္စမရှိပါဘူး။ ခဏလောက်တော့ ကျွန်မနဲ့လိုက်လို့ရတယ်"ဟု ကျွန်မက ပြောသည်။

မစ္စတာစထရောင်းသည် ဘာမျှပြန်မပြောတော့ပဲ ပြန်လှည့်ကာ ထွက်သွားသည်။ ချပ်၏ ဦးခေါင်းသည် ကျွန်မကျောကို မှီထားသည်။

"တီရှာ"

"ဘာလဲ"

"တီရှာက သဘောသိပ်ကောင်းတဲ့ လူဖြူမတစ်ယောက်ပဲ"ဟု ပြောသည်။ သူ့စကားကြောင့် ကျွန်မရင်ထဲတွင် သာယာမှု ဖြစ်သွားရ၏။

mgyoe.com

mgyoe.com

နောက်တစ်နေရာတွင် ကျွန်မတို့နားကြရပြန်သည်။ ကျွန်မသည် ချပ်အား မြင်းစီးပုံစီးနည်းကို သင်ပေးပါသည်။ "မင်း မြင်းကိုရပ်စေချင်ရင် ဟိုးလို့ ပြောရတယ်၊ သူ့ကို သွားစေချင်ရင် ခြေနဲ့တို့ပေးရတယ်"

ဤမျှလောက်သိသွားသည့်အခါ သူသည် သူ့လားကို ထိန်းနိုင်လာသည်။ သူ့လားအပေါ် ကြောက်ရွံ့စိတ်လည်း ပျောက်သွားသည်။ ကျွန်မတို့ ခရီးဆက်ကြသည့်အခါ ဘေးချင်းယှဉ်၍ သွားကြသည်။ အတူတူတွဲ၍ သွားမိလာမိသည့်အခါ ကျွန်မ သူ့အား ယခင်ကထက်ပို၍ ခင်လာသည်။

ညနေ မိုးချုပ်လာသည့်အခါ ထိုညတစ်ည 'အို ရှောက်နက်ဆီ' စားသောက်ဆိုင်၌ ရပ်နားကြသည်။ ခင်မင်စရာကောင်းလောက်သည့် အိုင်းရစ်အမျိုးသားတစ်ဦး ဖွင့်ထားသည့်ဆိုင်ဖြစ်၏။ ကျွန်မအိပ်သည့်အခါ ဆိုင်ရှင်၏ မယား အင်ဒီးယန်းအမျိုးသမီးနှင့် အိပ်ရလေသည်။

အင်ဒီးယန်းအမျိုးသမီးသည် ချပ်အား ကောင်းကောင်းမွန်မွန်ကျွေးသည်။ ကျွန်မတို့အိပ်ရသည့်အခန်းထဲရှိ ကြမ်းပေါ်၌ သူ့အတွက် အိပ်ရာကောင်းကောင်း ခင်းပေးသည်။ ကျွန်မက "မင်းအမေနဲ့ တွေ့ရမှာဆိုတော့ မင်းတော်တော်ပျော်နေမှာပဲ"ဟု ပြောသည့်အခါ "ဟုတ်တယ် တီရှာ...၊ အမေက တီရှာလိုပဲ သဘောကောင်းတယ်"ဟု ပြန်ပြောသည်။

"မင်းအဖေကော ချစ်ကင်းမှာပဲလား"

"ဟုတ်တယ်၊ သူက လူကြီး၊ သေနတ်တွေ အများကြီးရှိတယ်၊ အဝေးကြီးကိုမြင်နိုင်တဲ့ မှန်ပြောင်းအကြီးကြီးလည်း ရှိတယ်" ပြောပြောဆိုဆို သူ့လက်များကို မျက်လုံးများရှေ့၌ အပ်ကာ မှန်ပြောင်းကြည့်သလို လုပ်ပြသည်။ "ကျွန်တော်က သူ့ကို မချစ်ဘူး"ဟု ဆက်ပြောသည်။

"ဘာဖြစ်လို့လဲ"

"သူက ကျွန်တော့်ကိုရော၊ အီသဲလ်ကိုပါ မခင်ဘူး"

"အီသဲလ်ဆိုတာ ဘယ်သူလဲ၊ မင်းအစ်မလား"

"တီရှာ့ကျောင်းက ကောင်းသလား"ဟု သူက အိပ်ချင်မူးတူးဖြင့် ပြန်မေးသည်။

"မပြောတတ်ဘူး၊ တီရှာ အခုထိ တီရှာ့ကျောင်းကို မမြင်ရသေးဘူး"

mgyoe.com

mgyoe.com

"ကျွန်တော် တီရှာ့ကျောင်းကိုလာရင် ရမလား"

"ရတယ်လေ၊ မင်းကျောင်းတက်ရတာ ကြိုက်သလား"

"ကျောင်းက တအားနွေးတယ်၊ မစွဝင်တူဆိုရင် ကျောင်းသားကောင်လေးတွေ အများကြီးရှိတယ်"

"အေးပေါ့၊ တီရှာဆီမှာလည်း များချင်များမှာပါ၊ မင်းဘာစားချင်သေးလဲ"

သူ့ထံမှ ဖြေကြားသံ မကြားရ၊ သူသည် အိပ်ပျော်သွားလေပြီ။

●

mgyoe.com

mgyoe.com

(၂)

နောက်တစ်နေ့ မွန်းတည့်အချိန်ခန့်တွင် ကျွန်မတို့လူစုနှင့် ဝန်တင်လား များသည် သစ်ပင်အလွန်ထူထပ်သော တောအုပ်တစ်ခုအတွင်းမှ ဖြတ်လာနေကြသည်။ ထိုအခိုက်တွင် မစ္စတာစထရောင်းက တစ်ခဏမျှအရပ်ခိုင်းသဖြင့် ရပ်နေကြရပါသည်။ လမ်းတစ်လျှောက်လုံး အဆက်မပြတ်ကြားလာနေရသော နွားခလောက်သံများသည် ချက်ချင်းရပ်သွားသည်။ တစ်တောလုံးတိတ်ဆိတ်သွားလေရာ ခရီးလမ်းတစ်လျှောက်လုံး ထပ်ကာတလဲလဲဖြတ်သန်းခဲ့ရသည့် ချောင်းရေစီးသံများမှတစ်ပါး အခြားဘာသံကိုမျှ မကြားရတော့ပါ။

"ဟိုမှာမြင်လား မဒမ်"ဟု မစ္စတာစထရောင်းက ပြောကာ တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

"အဲဒါ... ချစ်ကင်းပေါ့"

သစ်ပင်များကြားမှ ကြည့်ရခြင်းဖြစ်၍ ရုတ်တရက် သဲသဲကွဲကွဲမမြင်ရပါ။ ကျွန်မတို့အောက်ဘက် များစွာ အလှမ်းမဝေးသော်လည်း တစ်မိုင်ခန့်ကွာလိမ့်မည်ဟု ယူဆရသည့်နေရာ၌ လူနေအိမ်ခြေအုပ်စုတစ်စုကို မြင်နေရလေသည်။

ကျွန်မသည် အလှမ်းဝေးဝေးနေရာမှ တဲများကို ကြည့်ကာ ရင်ထဲတွင် စိတ်နှလုံးချမ်းမြေ့ခြင်း ဖြစ်ရပါသည်။ "ငါနေရမယ့်နေရာပါလား"ဟု တွေးမိသည်။ လာခဲ့ရသည့်ခရီးမှာ အဝေးကြီး...။ ယခုအတိုင်းဆိုလျှင် ကျွန်မ အဘွားဟောဲ့ဘ်က ငါ့မြေးကြီးလာရင် ရပ်ဝေးတစ်နေရာအထိသွားပြီး အလုပ်လုပ်ရလိမ့်မယ်ဟု ကျွန်မအား ပြောလေ့ရှိသည့်အတိုင်း ဖြစ်လာခဲ့ပြီ။

ကျွန်မငယ်ငယ်က ကော်လိုရာဒိုပြည်နယ်တွင် နေခဲ့ရဖူးသည်။ နေခဲ့ရသမျှ နေရာတိုင်းကို ကျွန်မ မုန်းလေ့ရှိ၏။ သတ္တုတွင်းရွာများနှင့် မြို့များတွင်

mgyoe.com

mgyoe.com

အများအားဖြင့် လူနေအိမ်များသည် စုတ်ပြတ်နေသော တဲများသာ ဖြစ်သည်။ ထိုစဉ်က ကျွန်မစိတ်ထဲတွင် ထိုနေရာမျိုးတွေ၌ တစ်သက်တာပတ်လုံးနေရတော့မည်ဟု ထင်ခဲ့မိ၏။ အဘွားကတော့ ကျွန်မထင်နေသလို ရာသက်ပန်နေရလိမ့်မည်မဟုတ်ဟု ပြောလေ့ရှိ၏။

"ငါ့မြေးက ဆရာမဖြစ်မှာပါ..."ဟု အဘွားက ကျွန်မအား ပြောလေ့ရှိသည်။ "ဆရာမ ဖြစ်သွားပြီဆိုရင် ဒီကမ္ဘာကြီးထဲမှာ ငါ့မြေးသွားချင်တဲ့နေရာတွေကို သွားနိုင်မှာပါ"

ကျွန်မအနေဖြင့် အဘွားကို သတိရမိသည်။ အဘွားသည် ယခုလောလောဆယ် ကျွန်မရှေ့၌ ရပ်နေသည်ဟုပင် ထင်မြင်မိ၏။ ကျွန်မတို့မိသားစုထဲတွင် အဘွားသည် ဘယ်သူနှင့်မျှမတူပါ။ ကျွန်မတို့ ကျန်မိသားစုဝင်အားလုံးသည် အသားဖြူ၍ မျက်လုံးများသည် အပြာရောင် သို့မဟုတ် ကျွန်မ၏ မျက်လုံးတွေလို မီးခိုရောင်...။

သို့သော်လည်း ကင်တပ်ကီ အင်ဒီးယန်းသွေးအပြည့်ပါသော အဘွားသည် မျက်နှာက အညိုရောင်ဖြစ်၍ မျက်လုံးအစုံက အနက်ရောင်ဖြစ်သည်။ အကယ်၍များ အဘွားသာမရှိလျှင် ကျွန်မအခြေအနေ ဘယ်လိုဖြစ်မည်ကို မတွေးဝံ့ပါ။ ကျွန်မ၏ မိဘများသည် ကျွန်မကို သိပ်ပြီးဂရုစိုက်ကြသည် မဟုတ်ပါ။ အဘွားကတော့ သူတို့လိုမဟုတ်။ ကျွန်မကို အလွန်ချစ်ရှာသည်။

ကျွန်မအဖေ အလုပ်လက်မဲ့ဖြစ်သွားတိုင်း သို့မဟုတ် ကျွန်မအဖေ အိမ်မှထွက်သွားသည့်အခါတိုင်း ကျွန်မကို အဘွားနှင့်အတူနေရန် အဘွားထံပို့ထားလေ့ရှိသည်။ မစ်ဇူရီပြည်နယ် ဒိဝတ်တား၌ နေထိုင်လျက်ရှိသော အဘွား၏ နေအိမ်တွင် ကချော်ကချွတ်နိုင်လွန်းလှသော ယာမြေခြံကလေးတစ်ခုရှိသည်။ ကျွန်မအမြင်ကတော့ ထိုယာမြေခြံကလေးသည် အံ့သြစရာကောင်းသည့်အရာလေးတစ်ခု ဖြစ်နေပေသည်။

ထိုစဉ်ကအကြောင်းများကို ယခုသတိရသည့်အခါ ကျွန်မပြုံးမိပါသည်။ နောက်ဆုံးအခေါက် ကျွန်မရောက်သွားခဲ့စဉ်က အဘွားသည် အသက်ခုနစ်ဆယ်နီးနေပြီ။ ထိုအခေါက်က ကျွန်မသည် အဘွားနှင့် တစ်နှစ်တိတိနေထိုင်ခဲ့ရသည်။ ကျွန်မအမေက ကျွန်မအဖေ အလုပ်ပြန်လုပ်နေပြီဖြစ်၍ အိမ်ပြန်လာခဲ့တော့ဟု

mgyoe.com

mgyoe.com

စာရေးလိုက်သည့်အခါ ကျွန်မ များစွာစိတ်ထိခိုက်သွားသည်။ အဘွားသည် စာမတတ်ရှာပါ။ ကျွန်မကလည်း စာထဲမှာရေးထားသမျှကို လိမ်မပြောချင်ပါ။ အကြောင်းမှန်ကို သိသွားသည့်အခါ အဘွားသည် ကျွန်မလိုပင် များစွာ စိတ်ထိခိုက်ခဲ့သည်။

အဘွားနှင့်အတူ နေခဲ့ရသည့် နောက်ဆုံးညတွင် ကျွန်မတို့မြေးအဘွားသည် ညစာစားပြီးလျှင်ပြီးချင်း အိပ်ရာဝင်ကြသည်။ အိပ်ရာထဲရောက်သည့်အခါ ကျွန်မသည် အဘွားအား ထုံးစံအတိုင်း အဘွားအလွန်သဘောကျသည့် ခရစ်ယာန်ဓမ္မကျမ်းထဲမှ ဆာလမ်ကျမ်းကို ဖတ်ပြသည်။

အဘွားသည် အဘိုးဆုံးသွားပြီးကတည်းက ခုတင်နှင့်အိပ်ရာ၌ မအိပ်တော့ပါ။ ကြမ်းပေါ်၌ အိပ်ရာခင်း၍အိပ်သည်ဖြစ်ရာ ထိုညကလည်း ကျွန်မတို့သည် ကြမ်းပေါ်၌အိပ်ကြသည်ဖြစ်ရာ အလွန်ကြုံလှီသေးကွေးသော အဘွားသည် ကျွန်မဘေးတွင် ကွေးကွေးကလေး လှဲနေရှာ၏။ အဘွားဝါ ရှည်လျားသောဆံပင်သည် ခါးအောက်၌ ပုံလျက်ရှိလေသည်။

အဘွား၏မျက်နှာသည် မည်းမှောင်လျက်ရှိလေရာ အလွန် အင်ဒီးယန်းဆန်သောမျက်နှာဟု ဆိုနိုင်လောက်၏။ ကျွန်မ၏စိတ်အာရုံတွင် အဘွားသည် အင်ဒီးယန်းတို့၏'တီပီတဲ'အတွင်း၌ရောက်နေသည်ဟုပင် ထင်မိ၏။ အဘွား အိပ်ပျော်သွားပြီဟုထင်သဖြင့် ကျွန်မသမ္မာကျမ်းစာစာအုပ်ကို ဘေးနား၌ ချထားလိုက်သည်။ အဘွား၏ မျက်လုံးအစုံသည် ဖျတ်ခနဲပြန်ပွင့်လာသည်။ ကျွန်မလက်ကိုဆွဲ၍ ညှစ်ထားသည်။ "အဘွား ငါ့မြေးကို လွမ်းနေတော့မှာပဲ... အင်နီရယ်"ဟု ပြောသည်။

ကျွန်မ ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုမိသည်။ ရုတ်တရက် အငို မတိတ်နိုင်ဖြစ်နေသည့်အခါ အဘွားသည် ထလာပြီး ကျွန်မအား ဖက်ထားသည်။ ကျွန်မ အငိုတိတ်သွားသည့်အခါ အဘွားက "ဒီမယ် အင်နီ...၊ အဘွားဟာ ဘယ်တုန်းကမှ လိမ်မပြောတတ်ဘူးဆိုတာ သိတယ်နော်"ဟု ပြောသည်။

"အင်နီ သိပါတယ်"

"အဲဒီလိုဆိုရင် အဘွားက ငါ့မြေးကို ကံကောင်းတဲ့မိန်းကလေးလို့ ပြောတယ်ဆိုပါတော့။ အဲဒါ အမှန်အတိုင်းပြောတာလို့ မှတ်ရမယ်။ အဘွား

mgyoe.com

mgyoe.com

အဲဒီလိုပြောတာဟာ တခြားကြောင့်မဟုတ်ဘူး။ ငါ့မြေး တော်လို့ ပြောတာ...။ လူတစ်ယောက်မှာ ဦးနှောက်ရှိနေပြီဆိုရင် အဲဒီလူဟာ တစ်ကမ္ဘာလုံးကို အနှံ့သွားနိုင်တဲ့လက်မှတ် ရထားတဲ့လူပဲ... ငါ့မြေးရဲ့"

"ဘယ်လို လက်မှတ်မျိုးလဲ"

အဘွားသည် သူ့ခေါင်းကိုပုတ်ပြသည်။ "လက်မှတ်က ဒီနေရာမှာ ရှိတာ...၊ ငါ့မြေးက သိပ်စာကြိုးစားတော့ အသက်တစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ စာသင်ဆရာမ ဖြစ်နေပြီ မဟုတ်လား"

"သမီးရဲ့ဆရာမကလည်း အဲဒီလိုပဲ ပြောတယ်"ဟု ကျွန်မက ပြန်ပြောသည်။

"ဒါဆိုရင် ဆရာမဖြစ်သွားတဲ့လူတစ်ယောက်ဟာ ညစ်ပတ်ပေရေနေတဲ့ သတ္တုတွင်းရွာတွေက ထွက်သွားလို့ရပြီလို့ ငါ့မြေးတွေးရမယ်။ အဘွားစကားကို နားထောင်...၊ အဘွားနှစ်ခါမပြောချင်ဘူး၊ ငါ့မြေးဟာ တစ်နေ့ကျရင် တကယ့်ကြီးကြီးကျယ်ကျယ်အလုပ်တွေကို လုပ်ရမှာ၊ ငါ့မြေးအနေနဲ့ ဝမ်းနည်းနေမယ်ဆိုရင် အဲဒီလိုအလုပ်မျိုးတွေကို ဘယ်လုပ်နိုင်တော့မှာလဲ"

အဘွားသည် စကားကို မဆက်သေးဘဲ ရပ်ထားသည်။ သူ့မျက်နှာတွင် အနည်းငယ်မျှစိတ်ထိခိုက်နေသည့် အရိပ်အငွေ့ ယှက်သန်းနေသည်။ "ငါ့မြေးရဲ့ အဖေဟာ အဘွားသားပါ၊ သူဟာ သိပ်လွယ်တဲ့လူစားတစ်ယောက်မဟုတ်ဘူး၊ ဒါပေမယ့် သူဟာ သူ့ခြေထောက်နှစ်ချောင်းပေါ်မှာ ရပ်နေနိုင်အောင် အမြဲတမ်းကြိုးစားတယ်။ ငါ့မြေးကို အဲဒီလို နေတတ်အောင် သင်ပေးထားတယ်။ ငါ့မြေး အဖေနဲ့ အမေဟာ ငါ့မြေးအပေါ်မှာ သိပ်ပြီး နားလည်မှုရှိချင်မှရှိမယ်၊ ဒါပေမယ့် သူတို့အနေနဲ့ ငါ့မြေးကို ကျွေးထားတယ်၊ နေစရာနေရာပေးထားတယ်၊ အဲဒါတွေဟာ အများထက်သာတဲ့ဟာတွေပဲ..."

"ဒါပေမယ့် အဘွားရယ်၊ သူတို့က သမီးကို သိပ်ပြီး လိုလိုလားလားမရှိကြပါဘူး"

"ရှိပါတယ်... ငါ့မြေးရယ်၊ ငါ့မြေးနားလည်အောင် အဲ့ဒီစိတ်ကို ဘယ်လိုပြရမလဲဆိုတာသာ သူတို့မသိကြတာပါ၊ ဒါပေမယ့် အဲဒါကအရေးမကြီးပါဘူး၊ ဒီကမ္ဘာလောကကြီးထဲမှာ ငါ့မြေးကိုချစ်တဲ့လူ ယုံကြည်တဲ့လူတစ်ယောက်ရှိနေရင်

mgyoe.com

mgyoe.com

ဘာမှပြဿနာမရှိတော့ပါဘူး၊ ငါ့မြေးမှာ အဲဒီလိုလူမျိုးတစ်ယောက် ရှိနေတာပဲ၊ တခြားလူမဟုတ်ဘူး…၊ အဘွားလေ… အဲဒီတော့ အဘွားပြောလိုက်မယ်၊ ငါ့မြေးအနေနဲ့ ငါ့မြေးအကျိုးအတွက် မလုပ်နိုင်သည့်တိုင်အောင် အဘွား အကျိုးအတွက်တော့ လုပ်မယ်ဆိုတဲ့စိတ် ထားစမ်းပါ၊ အဲဒီလိုစိတ်ထားမယ်လို့ ကတိပေးမယ်မဟုတ်လား…"

"သမီးကတိပေးပါတယ် အဘွား"

"ငါ့မြေးသိထားရမှာက ငါ့မြေးဟာ တစ်နေ့ကျရင် နယ်သစ်ပယ်သစ် တစ်ခုပေါ်မှာ ပထမဆုံးခြေချတဲ့လူတစ်ယောက် ဖြစ်ချင်ဖြစ်လာမှာ…၊ ငါ့မြေးရဲ့ အဘိုးနဲ့အဘွားတို့ လုပ်ခဲ့သလိုပေါ့…"

"ဒါပေမယ့် အဘွားရယ်၊ နယ်သစ်ပယ်သစ်တွေက ရှိမှမရှိတော့တာ"

"ရှူး… နယ်သစ်ပယ်သစ်တွေဟာ အမြဲတမ်းရှိနေတယ် သမီးရဲ့"

"ဘယ်မှာ ရှိနေတာလဲ အဘွားရယ်"

"ကယ်လီဖိုးနီးယား ဖြစ်ချင်ဖြစ်မယ်၊ အလားစကား ဖြစ်ချင်ဖြစ်မယ်၊ အခုဆိုရင် အလားစကားဟာ နယ်မြေသစ်တစ်ခု ဖြစ်နေပြီ မဟုတ်လား… ငါ့မြေးရယ်"

●

ဝန်တင်လားများနှင့်ခရီးဆက်နေခိုက်တွင် ကျွန်မ၏စိတ်သည် အတိတ်မှ ဖြစ်ရပ်တစ်ခုဆီသို့ ရောက်နေသည်။ နောက်ဆုံးလူချင်းခွဲမလာမီက အဘွားနှင့် နေခဲ့ရသည်များကို သတိရမိနေခြင်းဖြစ်ပါ၏။ အဘွားနှင့်ကျွန်မ တစ်ဦးကိုတစ်ဦး ဖက်၍ နှုတ်ဆက်နေကြသည့်အခါ အဘွား၏ စိတ်သည် သူ့ကိုယ်သူ ငှက် ပေါက်စလေးတစ်ကောင်ဟု ထင်ကောင်းထင်နေပေလိမ့်မည်။

ထိုစဉ်က ကျွန်မအသက်သည် ဆယ့်တစ်နှစ်မျှသာ ရှိသေးသော်လည်း ကျွန်မက အဘွားထက် ခန္ဓာကိုယ်ပို၍ကြီးမားထွားကျိုင်းပါသည်။ ထိုနေ့က ကျွန်မအဘွားထံမှ ထွက်လာခဲ့ပြီးနောက် အဘွားကို နောက်တစ်ကြိမ် မတွေ့ ရတော့ပါ။ ကျွန်မအမေက ကျွန်မဆရာမဖြစ်လာသည့်ပထမနှစ်အတွင်း ကျွန်မထံ

mgyoe.com

mgyoe.com

စာတစ်စောင်ရေးခဲ့ရာ စာထဲတွင် အဘွားသည် အိပ်နေရင်း ကွယ်လွန်သွားပြီ ဖြစ်ကြောင်းနှင့် ကျွန်မအတွက် အမွေတစ်ခုထားရစ်ခဲ့ကြောင်း ရေးထားခဲ့သည်။

ထိုအမွေမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အဘွားပေးခဲ့သော အမွေဖြစ်၍ ကျွန်မအတွက် အလိုအပ်ဆုံးသောအရာတစ်ခုဖြစ်၏။ ထိုအမွေကို ပေးခဲ့သည့်အတွက် ကျွန်မအနေဖြင့် အဘွားအား ဘယ်သောအခါမှ မေ့နိုင်တော့မည် မဟုတ်ပါ။

ကျွန်မတို့နှင့်အတူတူသွားနေသည့် ဝန်တင်လားများသည် တောင်ကြားငယ်တစ်ခုအတွင်းသို့ ဆင်းလာခဲ့ကြသည်။ တောင်ကြားသည် ခပ်ပြေပြေ ဖြစ်၏။ ကျွန်မတို့၏ရှေ့တည့်တည့် ချောင်းငယ်တစ်လျှောက်တွင် အဆောက်အအုံ အစိတ်သုံးဆယ်ခန့် ရှိသည်ကို မြင်နေရလေသည်။

"အဲဒါ အကုန်ပဲလား"ဟု ကျွန်မက မစ္စတာ စထရောင်းအားမေးသည်။

"နီးပါးပဲ"

ကျွန်မအနေဖြင့် ချစ်ကင်းမြို့သည် အီးဂေးမြို့နှင့်တူလိမ့်မည်ဟု ထင်ခဲ့မိ၏။ သို့သော်လည်း အခုလို အလှမ်းဝေးဝေးနေရာမှ ကြည့်နေရသည့်အခါ အင်ဒီးယန်းရွာတစ်ရွာနှင့် ပို၍တူနေသည်။ တောင်ကြားမြေပြင်ထက်၌ တည်ထားခြင်း ဖြစ်သော်လည်း ရွေးချယ်ထားသည့်နေရာက သိပ်ပြီးကောင်းပုံမရ။

တောင်ကုန်းနိမ့်နိမ့်များသည် ပတ်ပတ်လည်မှ ဝန်းရံလျက်ရှိ၏။ ထိုတောင်ကုန်းများသည် တစ်ကုန်းနှင့်တစ်ကုန်း ဆက်ကာ ဟိုး...အဝေးရှိ ပြာလဲ့လဲ့တောင်တန်းကြီးများဆီသို့ ပြေးသွားနေသလားထင်ရ၏။ တောင်ကြားအတွင်း၌ စီးဆင်းနေသော ချောင်းသည် ကျွန်မတို့၏ နောက်ဘက်မှစီးဆင်းလာနေခြင်း ဖြစ်၍ ကျဉ်းလည်းကျဉ်းမြောင်းပြီး နက်လည်းနက်သည်။ ချောင်းသည် ရှေ့ဘက်ပိုင်းသို့ရောက်သည့်အခါ ပို၍ ကျယ်သွားပြီး မြို့ငယ်၏အလယ်ပိုင်း ရောက်သည့်အခါ သစ်သားတတားတစ်ခုက ကျော်ဖြတ်နေသည်ကို တွေ့ရလေ၏။

မကြာသေးခင်ကမှ မိုးရွာထားခြင်းဖြစ်၍ ရွှံ့ရေများဖြင့် ပြည့်နေသော အိုင်ကြီးများကို ရှောင်ကွင်းကာသွားနေရသည်။ မစ္စတာစထရောင်းသည် ကျွန်မ၏မြင်း တွင်းတစ်တွင်းအနားမှ ဖြတ်သွားနေစဉ်အတွင်း လှမ်း၍ သတိ

mgyoe.com

mgyoe.com

ပေးသည်။ ဘာဖြစ်လို့လဲ၊ အဲဒီရေအိုင်ကြီးတွေက ဘာတွေလဲ ဟု ကျွန်မက မေးမိသည်။

"တွင်းကြီးတွေ ဖြစ်ဖို့များတယ်"ဟု သူက ပြန်ပြောသည်။ "တချို့ တွင်းတွေက အနက်ပေးလေးဆယ်အထိ ရှိတယ်၊ တွင်းတူးသမားတွေက တူးသာတူးတာ၊ ပြန်ဖို့ရမယ့်ကိစ္စကျတော့ လုံးဝ သတိမရကြဘူး"

မြေပြင်သည် ရွံ့နွံများပို၍ ထူထပ်လာသည်။ "လူတွေစုပြီး ကျွန်မတို့ကို စောင့်နေကြသလိုပဲ"ဟု ကျွန်မက ရေရွတ်လိုက်မိသည်။ ကျွန်မတို့ ရှေ့တည့်တည့် စာတိုက်ရှေ့၌ လူနှစ်ဆယ်သုံးဆယ်ခန့်ရှိနေသည်ကို မြင်ရ၍ ပြောလိုက်မိခြင်း ဖြစ်၏။ စာတိုက်မှာ သစ်လုံးတဲ ခပ်သေးသေးတွင် ဖွင့်ထားခြင်းဖြစ်၍ အမေရိကန် အလံသည် တဲ၏အထက်တိုင်ထိပ်တွင် တဖျပ်ဖျပ်လွင့်နေသည်။

သစ်သားထင်းမီးခိုးနံ့သည် လေထဲတွင် သင်းပျံ့လျက်ရှိ၏။ ကျွန်မသည် တောကြီးမျက်မည်းကိုဖြတ်၍ နယ်စပ်ဒေသမှ မြို့လေးတစ်မြို့သို့ ဆိုက်ရောက်ခဲ့ရပြီ။ ကျွန်မ၏ အဘွား ဟော့ဘ်တစ်ယောက် လုပ်ခဲ့ရသည့်နည်းအတိုင်းပင် ဖြစ်၏။ ကျွန်မပြုံးနေသည်ကို ကြည့်ကာ မစ္စတာစထရောင်းကပါ ပြုံးသည်။

"အံ့သြစရာပဲ...နော်"ဟု ကျွန်မကရေရွတ်လိုက်မိသည်။

တကယ်တော့ ချစ်ကင်းသည် အင်ဒီးယန်းရွာနှင့်လုံးဝမတူပါ။ ချောင်းနှင့် အိမ်များအကြားရှိ လမ်းသည် ကျယ်သည်။ လမ်းပေါ်တွင် မြက်ခြောက်များသည် ဟိုတစ်စုသည်တစ်စု ရှိနေကြသည်။ အိမ်များ၏ နောက်ဘက်တွင် ဟင်းသီး ဟင်းရွက်ခင်းများကို မြင်နေရ၏။ အခင်းများဘေးတွင် စွပ်ဖားခွေးလှောင်အိမ် များနှင့် ထင်းပုံများရှိနေသည်။

ကျွန်မနှင့် မစ္စတာစထရောင်းတို့လူစု၊ သူတို့ဘက်သို့ နီးကပ်သွားသည့် အခါ လူစုလူဝေး၏ အော်သံများကြားရသည်။ လက်များဝှေ့ယမ်းပြနေသည် ကိုလည်း မြင်နေရ၏။ သူတို့၏ အော်သံများနှင့် စွပ်ဖားခွေးဟောင်သံများ ကြားနေရသည့်အခါ ဇူလိုင် ၄ ရက်*လေများလား ဟု တွေးမိပါသည်။

---

* ဇူလိုင်လ(၄)ရက်သည် အမေရိကန်လွတ်လပ်ရေးနေ့ဖြစ်သည်။

mgyoe.com

mgyoe.com

မြို့ထဲတွင် လူနေအိမ်တန်း သုံးတန်းမျှရှိ၍ စာတိုက်မှာ မြို့လယ်ခေါင်တွင် တည်ရှိ၍ သစ်သားတံတားနှင့်မျက်နှာချင်းဆိုင်ဖြစ်၏။ ပထမဆုံးတွေ့ရသည့် တဲအိမ်အနည်းငယ်မှာ အပျက်အစီးဗလပွနှင့်ဖြစ်သည်။ ယင်းတို့ထဲမှ အချို့တဲများမှာ လူမရှိကြပေ။ ခိုင်မာတောင့်တင်းသောတဲများတွင်မူ လူများရှိကြ၏။ အိမ်ဝင်းများထဲတွင် ထောင်ချောက်များ၊ မြင်းကကြိုးတန်ဆာပလာများနှင့် အဝတ်လျှော်ဇလုံများ ချိတ်ဆွဲထားကြသည်ကို မြင်နေရလေသည်။

ကျွန်မတို့လူစု ပထမဆုံးအိမ်ရှေ့မှအဖြတ်တွင် ကျွန်မ၏မြင်းသည် ကျွန်မလက်ထဲမှ တစ်ချက်မျှဆောင့်ရုန်းကာ မြင်းဇောင်းဆီသို့သွားရန် တာစူသည်။ ကျွန်မက သူ့အား မထိန်းနိုင်တော့ပါ။ လူအုပ်ထဲမှ ဒူးဆစ်အထိရောက်သည့် ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသော လူတစ်ယောက်သည် ရှေ့သို့ ပြေးထွက်လာပြီး ကျွန်မ၏ မြင်းကို လှမ်းဆွဲသည်။

ကျွန်မ၏မြင်းသည် ချက်ချင်းပင် အလျှော့ပေးသွားသည်။ မြင်း၏ နဖားကြိုးကို ဆွဲထားသည့် အဘိုးအိုတစ်ယောက်သည် မြင်း၏လည်ပင်းအောက်မှ ထွက်လာသည်။ "မြင်းကို သတိထားကိုင်ရတယ်"ဟု သူက ကျွန်မအား ပြုံးကြည့်ပြီး ပြောသည်။ သူ့သွားများမှာ ဆေး ဝါးလွန်းသဖြင့် မည်းနေသည်။

"ကဲ... ခုန်ဆင်းလိုက်တော့"

"မင်း အရူးလား...ကွ"ဟု ဘေးနားမှ မုတ်ဆိတ်နှင့် အဘိုးအိုတစ်ယောက်က လှမ်းပြောသည်။ "သူ့ဖာသာသူ မဆင်းနိုင်လောက်ဘူးဆိုတာ မင်း နားမလည်ဘူးလား...၊ နေဦး...၊ ငါ သေတ္တာတစ်လုံးရှာပေးမယ်"

ဝန်တင်လားများသွားနေရာ လမ်းဘေးမှ ရပ်နေကြသော လူများသည် ကျွန်မအား လှမ်းကြည့်နေကြသည်။ ချပ်သည် သူ့အမေကို တွေ့နေပြီ။ ကျွန်မ သူ့အမေအား လှမ်းမြင်နေရ၏။ မိန်းကလေးတစ်ယောက်အား လက်ဆွဲ၍ ရပ်နေသော အသားမည်းမည်း အင်ဒီးယန်းအမျိုးသမီးတစ်ဦးဖြစ်သည်။ သူသည် ချပ်ကို မြေပေါ်၌ ဒူးထောက်၍ထိုင်ကာ ဖက်ထားသည်ကို တွေ့ရပါသည်။

ကျွန်မက ပြုံးနေသည်ဖြစ်ရာ အားလုံးထံမှ အပြုံးကို ကျွန်မ ရရှိနေသည်။ ကျွန်မသည် ကျောင်းအဆောက်အအုံကို ရှာကြည့်နေမိသည်။ မြင်းဇောင်း

mgyoe.com

mgyoe.com

နှင့် မျက်နှာချင်းဆိုင်မှ မျက်နှာစာတည့်တည့်တွင် အိမ်လုပ် အလံတိုင် စိုက်ထားသော အဆောက်အအုံသည် ကျောင်းဖြစ်လိမ့်မည်ဟု ခန့်မှန်းမိသည်။ ကျွန်မနေရမည့်နေရာသည် ဤဝင်းထဲမှာပင် ရှိလိမ့်မည်ဟုလည်း သိထားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတာဝန်ယူရမည့်ကျောင်းသည် ကေသီ့ကျောင်းထက် ကြီးသည်ကို မြင်ရသဖြင့် ကျွန်မ ဝမ်းသာမိပါသည်။

စောစောက တွေ့လိုက်ရသော ဒုတိယအဘိုးအိုသည် သေတ္တာပေါင်း တစ်လုံးကို သယ်၍ပြန်ရောက်လာသည်။ သေတ္တာကိုမြင်းဘေး၌ချပေးပြီး ကျွန်မ မြင်းပေါ်မှ ဆင်းသာအောင်ကူညီသည်။ ကျွန်မ အောက်သို့ရောက်သွားသည့် အခါ ထွားထွားကျိုင်းကျိုင်း မိန်းမကြီးတစ်ယောက်ရောက်လာသည်။ သူသည် အဘိုးကြီးအား ဘေးသို့တွန်းဖယ်လိုက်ပြီး ကျွန်မနှင့်မျက်နှာချင်းဆိုင်၍ရပ်လိုက် သည်။

"ကျွန်မ အန်ဂျီလာဘားရက်ပါ"ဟု သူ့နာမည်ကို ပြော၍ မိတ်ဆက် သည်။ "ရှင်ဟာ ကျောင်းဆရာမအသစ်လို့ ကျွန်မထင်တယ်"

ကျွန်မက ခေါင်းညိတ်ပြလိုက်သည်။

သူသည်ကျွန်မကို အပြာရောင်ကုတ်အင်္ကျီရှည်ရှည်ကြီးဝတ်ထားသည့် မိန်းမကြီးတစ်ယောက်ဆီခေါ်သွားသည်။ ထိုမိန်းမကြီးမှာ နှာခေါင်းရှုံ့ကျိုးနေ သည်။ "ကျွန်မက မဂ္ဂီကာရှူးပါ"ဟု မိန်းမကြီးက ပြောသည်။ "ရှင့်နာမည် ဘယ်လိုခေါ်ပါသလဲ"

"အင်နီဟော့ဘ်"

"ကဲ... လာ၊ ကျောင်းဘက် သွားကြရအောင်"

ဘယ်အဆောက်အအုံ ကျောင်းဖြစ်သည်ကို ကျွန်မမှန်းခဲ့သည်မှာ မှန်ပါ သည်။ ကျွန်မတို့ ကျောင်းဝင်းထဲရောက်ကြသည့်အခါ အန်ဂျီလာဘားရက်သည် တံခါးနှစ်ပေါက်အနက်မှ တစ်ပေါက်ဆီသို့လျှောက်သွားသည်။ "ဒီဟာ ကျောင်းခန်း ဝင်ပေါက်"ဟု ပြောကာ တံခါးကိုဖွင့်သည်။ "ဟိုဘက်တံခါးက ရှင်နေရမယ့် နေရာ"

ကျွန်မ သူ့နောက်ကလိုက်၍ဝင်သွားသည်။ ကျွန်မ အတော်စိတ်ပျက် သွားပါသည်။ အခန်းသည် ကြီးမားကျယ်ဝန်းလှသော်လည်း ကျောင်းခန်းနှင့်

mgyoe.com

mgyoe.com

လုံးဝမတူပါ။ တစ်ခန်းလုံး ဖြစ်ချင်တိုင်းဖြစ်နေသည်။ နေရာတိုင်းတွင် ဖုန်တွေ၊ အညစ်အကြေးတွေကို မြင်နေရ၏။ အဝါရောင်စက္ကူများမှာ ကြမ်းပြင်ပေါ် ပြန့်ကြဲနေသည်။ ပြတင်းပေါက်များမှ ဝင်လာနေသော အလင်းရောင်ထဲတွင် မီးခိုးငွေ့များနှင့် အမှုန်မျိုးစုံ ပါလာနေသည်ကို မြင်နေရလေသည်။

"နည်းနည်းပါးပါး သန့်ရှင်းရေးလုပ်ပေးဖို့တော့ လိုလိမ့်မယ်"ဟု မဂ္ဂီက ပြောသည်။

နောက်တစ်ခန်းမှာ ကျောင်းခန်းနှင့်အရွယ်အစားအတူတူပင် ဖြစ်သော် လည်း ပို၍သန့်ရှင်းသည်။ အထဲတွင် အိပ်ရာခင်းမရှိသည့် ကြေးခုတင်တစ်လုံး ရှိသည်။ ပြီးတော့ ကုလားထိုင်နှစ်လုံးနှင့် အလုံပိတ်မီးဖိုကြီးတစ်လုံး...။ ထိုမှ တစ်ပါး ဘာပစ္စည်းမှမရှိ...။

"ဘယ်လိုလဲ သဘောကျရဲ့လား"ဟု အန်ဂျီလာဘားရက်က မေးသည်။ အန်ဂျီလာသည် ကိုယ်အလေးချိန် ပေါင်နှစ်ရာခန့်ရှိလိမ့်မည်ဖြစ်ရာ သူ့ခန္ဓာ ကိုယ်ကြီးသည် ကျွန်မအပေါ်မှ အုပ်မိုးလျက်ရှိသည်။ ကျွန်မသည် သူသဘော ကျမည့်စကားကို ရှာပြောရန် အားထုတ်သည်။

"အခန်းက ကြီးလည်းကြီး၊ ကောင်းလည်းကောင်းပါတယ်။ သုံးလို့ ရအောင်လုပ်ကြမယ်ဆိုရင်တော့ အချိန်အများကြီးကုန်လိမ့်မယ်"

"သုံးလို့ရအောင်ဆိုတဲ့စကားက ဘာအဓိပ္ပာယ်လဲ...။ အခန်းက အခုပဲ သုံးလို့ ရနေတာပဲ...ဟာ"

"မိန်းမကြီးနှစ်ယောက်စလုံးက ကျွန်မအား ဘယ်လိုအစားလဲ ဟု ပြောသည့်အနေအထားဖြင့် ကြည့်နေကြသည်။ ကျွန်မ နောက်ထပ် ဘာမေးရမှန်း မသိ။ ထပ်မေးရမည်ကိုပင် ကြောက်နေမိသည်။

"ကျွန်မအတွက် မွေ့ရာမပေးဘူးလား"ဟု ကျွန်မက မေးသည်။ "ပြီးတော့ စောင်တို့ ဘာတို့နဲ့ စားပွဲတစ်လုံးလောက်မှ မရနိုင်တော့ဘူးလား"

ကျွန်မပြောလိုက်သည့်စကားကို သူတို့ နားလည်သွားအောင် အချိန် အတန်ကြာမျှ စောင့်ရသေးသည်။

"အဲဒါတွေ ဘယ်ရောက်ကုန်လဲ"ဟု အန်ဂျီလာက ပြောသည်။ "ဒီကိစ္စ ဟာ ရှင့်အပြစ်ပဲ မဂ္ဂီ...။ ရှင်ဟာ ကျောင်းစောင့် မဟုတ်လား"

mgyoe.com

mgyoe.com

"ကျောင်းမရှိရင် ကျောင်းစောင့်လည်း မရှိဘူး"ဟု မဂ္ဂိက သံပြတ်ဖြင့် ပြောသည်။ "ဒီမှာ ကျောင်းမရှိတာ တစ်နှစ်ကျော်ပြီလေ"

"ဒီလိုဆို ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"ဟု အန်ဂျီလာက မေးသည်။

မဂ္ဂိက တစ်ခဏမျှ စဉ်းစားနေသည်။ "ကဲ...လေ...၊ လာပါ"ဟု ပြောသည်။ အန်ဂျီလာနှင့်ကျွန်မသည် သူထွက်သွားရာ စာတိုက်ဆီသို့ လိုက်ခဲ့ကြသည်။ စာတိုက်ရှေ့မြေကြီးပေါ်တွင် လူအများက မှာလိုက်သည့်ပစ္စည်းများသည် အစုလိုက် အပြုံလိုက်...။ ဖယောင်းတိုင်ထုပ်သေတ္တာများ၊ ဓာတ်ခဲနှင့်ထိုးရသည့် လက်နှိပ်ဓာတ်မီးများ၊ ဂျုံအိတ်များ၊ ရေနံဆီပုံးများနှင့် စာတိုက်မှ တစ်ဆင့်ပို့လိုက်သည့် ပါဆယ်ထုပ်များ...။

"ဟောဒီမှာ အင်နီဟော့ဘ် တဲ့၊ တို့များရဲ့ ဆရာမအသစ်ပေါ့"ဟု မဂ္ဂိက လူစုလူဝေးအား ပြောသည်။ "သူ့မှာ အားလုံးက လုပ်ပေးဖို့လိုအပ်နေတဲ့ပြဿနာတစ်ခုရှိနေတယ်။ ရှင်တို့ထဲက တချို့လူတွေအနေနဲ့ ဆရာမအခန်းက ပစ္စည်းတချို့ကို ခဏငှားထားကြတယ်လို့ ထင်တယ်။ ဘယ်သူက ဘာပစ္စည်းယူသွားပါတယ်လို့ ကျွန်မ မပြောလိုဘူး၊ ဒါပေမယ့် ပစ္စည်းတွေ ပြန်ပေးဖို့တော့ လိုနေတယ်။ ဆရာမလေးမှာ အခုဆို ဘာမှ မရှိတော့ဘူး"

"ကျွန်တော့်မှာ ဟတ်ဆန်ဘေးစောင်နှစ်ထည် အပိုရှိတယ်၊ ပေးနိုင်တယ်"ဟု အရပ်မြင့်မြင့် လူတစ်ယောက်က ပြောသည်။

"ကျွန်မတို့မှာ သံပန်းကန်ပြားတွေရှိတယ်။ သူ့ကို ငှားလို့ရတယ်"ဟု ဆယ်နှစ်အရွယ်ခန့် မိန်းကလေးတစ်ယောက်ကပြောသည်။ မိန်းကလေးသည် သူ့ထက်အသက်ကြီး၍ အမြှာညီအစ်မနှင့်တူသော မိန်းကလေးနှစ်ယောက်နှင့်တွဲ၍ ရပ်နေခြင်းဖြစ်၏။ "သူငှားရင် ပေးနိုင်တယ်မဟုတ်လား...ပါပါ"ဟုလည်း ပြောသည်။ သူ့ဘေးမှ ဆံပင်နီနီနှင့် လူက ခေါင်းညိတ်ပြသည်။

ထို့နောက်တွင်မူ ပေးလာသည့် ပစ္စည်းတွေက အမယ်စုံလာသည်။ တံမြက်စည်းနှင့်ဒယ်အိုး၊ လှုပ်ကုလားထိုင်တစ်လုံး၊ အဝတ်လျှော်ဘွိုင်လာတစ်လုံး စသည်တို့ပါ ပါလာသည်။ လူများသည် သူတို့အိမ်များသို့ ပြန်သွားကာ ပစ္စည်းတွေ ယူလာကြသည်။ နာရီအနည်းငယ်အတွင်းမှာပင် ကျွန်မသည် မွေ့ရာတစ်ခုကိုသာမက စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံး၊ စားပွဲတစ်လုံးနှင့် ရေစည်ပိုင်း

mgyoe.com

mgyoe.com

တစ်လုံးကိုပါ ရလာသည်။ ထင်းနှင့်ချက်ရသည့် မီးဖိုတစ်လုံးကိုလည်း လူလေးယောက်က သယ်ယူလာပြီး အခန်းထဲထိ ပို့ပေးသည်။

အဘွားသည် သူ ဘာပြောခဲ့သည်ကို ကောင်းကောင်းကြီးသိလိမ့်မည်ဟု ကျွန်မတွေးမိသည်။ နယ်မြေသစ်တစ်ခုဆီသို့ရောက်သွားသောလူများသည် ကြင်နာမှုနှင့် ရက်ရောမှုများကို ရတတ်ကြသည်ဟု ပြောစမှတ်ပြုကြသည်ဖြစ်ရာ ထိုစကားသည် မှန်နေပါသည်။

ကျွန်မ၏အခန်းကိုပင် ကျွန်မတစ်ယောက်တည်း သန့်ရှင်းရေးမလုပ်ရပါ။ ကျွန်မ၏ ကျောင်းသားကျောင်းသူငါးယောက်က လာ၍ ကူညီကြပါသည်။ ပထမဆုံးထွက်လာကြသည့် ကျောင်းသူသုံးဦးမှာ ဇော့ဟမ်၏သမီးများဖြစ်၏။ ကျွန်မအား သံပန်းကန်များ ငှားလိုက်ဖို့ သူ့အဖေအား ပြောခဲ့သည့် အယ်ဗီယာနှင့် သူ့အစ်မ အမြွာညီအစ်မ အီဗိလင်းနှင့်အီလီယာနာတို့ ဖြစ်သည်။

ထို့နောက် မဂ္ဂကာရူး၏ သားနှစ်ယောက်ဖြစ်သော ဂျင်မီနှင့်ဝစ်လတ်တို့ ရောက်လာကြသည်။ ကျွန်မတို့ အခန်းသန့်ရှင်းရေးလုပ်နေခိုက်တွင် ကျွန်မအား စောင်တွေပေးမည်ဟု ပြောခဲ့သော လူပုံချောချောလူ မြင်းစီးပြီး ရောက်လာသည်။

"ကျွန်တော်က ဂျိုးတင်ပယ်ပါ"ဟု သူကပြောသည်။ သူပေးလာသည့် စောင်များမှာ အသစ်နီးပါးမျှရှိသည်။ ကျွန်မက စောင်ဖိုးပေးမည်ဟု ပြောသည့်အခါ ငြင်းသည်။ "ခင်ဗျား ကြိုက်သလောက်သုံးပါ"ဟုလည်း ပြောသည်။

ကျွန်မသည် ကျွန်မ၏အဝတ်အစားများကို ထုတ်ယူ၍ နံရံမှ သံငုတ်များတွင် ချိတ်နေသည်။ သူသည် ကျွန်မ၏ အဝတ်များကို ကြည့်နေရာမှ "ကျွန်တော် အပြင်လောကထဲကို မရောက်တာ နှစ်နှစ်လောက်တော့ ရှိသွားပြီ" ဟု ပြောသည်။ "ဒါပေမယ့် ကျွန်တော်သိနေတာက မိန်းကလေးတွေဟာ ဒီ့ထက်တိုတဲ့ အဝတ်တွေကို ဝတ်နေကြပြီလို့ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်မက ရှေးနည်းနည်းဆန်တယ်လို့ ထင်တယ်"

"အမြဲတမ်းတော့ဆန်နေလိမ့်မယ် မထင်ပါဘူး...လေ၊ ဒါနဲ့လေ... ဒီညညစာကို အပြင်မှာ ကျွန်တော်ကျွေးပါရစေလား"

"ကျွန်မ ဒီမှာ အားလုံးအထိုင်ကျသွားအောင် လုပ်ပြီးခါမှ...ပေါ့"

mgyoe.com

mgyoe.com

"ဒါဆိုရင် မနက်ဖြန်ညဆိုရင်ကော"

"ကောင်းပြီလေ... ရပါတယ်"

"ညနေ ခြောက်နာရီလောက် လာခဲ့မယ်...နော်"ဟု ပြောကာ သူ ပြန်ထွက်သွားသည်။

ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသမျှအရာများသည် မြန်ဆန်လွန်းလှသည်ဟု ကျွန်မ ထင်နေမိ၏။ ကျွန်မ ချစ်ကင်းသို့ ရောက်လာသည်မှာ နာရီအနည်း မျှသာရှိသေးသော်လည်း 'ဒိတ်'လုပ်သူနှင့် ဆုံမိနေပြီ။

ညနေ မိုးမချုပ်မီ မဂ္ဂကာရူး ရောက်လာသည်။ "ဂျိုးတင်ပယ်က ပြော တယ်၊ မနက်ဖြန်ညကျရင် ရှင်နဲ့သူနဲ့ ကျွန်မဆိုင်ကို လာမယ်တဲ့၊ အတော် လက်မြန်ခြေမြန်ရှိတဲ့လူပဲ"ဟု ပြောသည်။

"သူက ဘာလုပ်သလဲ"

"သတ္တုတွင်းအလုပ်သမားပဲပေါ့၊ လူဖြူမတစ်ယောက်နဲ့ အပြင်ထွက်ရ တာဟာ သူ့အတွက်တော့ ကောင်းတယ်ပေါ့၊ အပြောင်းအလဲလေးတစ်ခု ရသွား တာပေါ့"

မဂ္ဂကာရူးသည် နောက်ဖေးအခန်းဆီသို့သွားကာ စတိုခန်းတံခါးကို ဖွင့်ကြည့်သည်။ "ရှင့်မှာ ပစ္စည်းတွေထားဖို့ အခန်းတွေကဖြင့် အများကြီးပဲ... နော်"ဟု ပြောသည်။

"ဘာပစ္စည်းတွေကို ပြောတာလဲ"

"ဆောင်းရာသီအတွက် စုဆောင်းရမယ့်ပစ္စည်းတွေပေါ့...။ ဂျုံ၊ သကြား စတဲ့ပစ္စည်းတွေလေ"

သူပြောခါမှပင် ကျွန်မတွင် စားရေးသောက်ရေးအတွက် ဘာမှ ဟုတ်တိပတ်တိ မရှိသည်ကို သတိထားမိသည်။

"မပူပါနဲ့...၊ ဝေါလ်တာစထရောင်းက ရှင့်အတွက် လိုတာယူလာမှာပါ။ သူယူမလာခင်မှာတော့ ကျွန်မတို့က ပိုင်းပြီးကူညီထားကြရမှာပေါ့"

ထိုခဏမှာပင် ကျွန်မသည် မဂ္ဂကာရူး၏သမီးကို သတိရမိသည်။ ကျွန်မက သူ့သမီး ဂျင်နက်တီတာဝီလီဂျာ မှာလိုက်သည့်စကားများကို ပြောပြသည့်အခါ

mgyoe.com

mgyoe.com

သူ့မျက်နှာသည် ဝင်းလက်နေသည်။ "သူကတော့ မိန်းကလေးမွေးလိမ့်မယ်လို့ ထင်နေတယ်"ဟုလည်း ကျွန်မက ထပ်ပြောသည်။

သူထွက်သွားမည်ပြုခိုက်တွင် ကျွန်မက တံခါးများ၌ ဘာကြောင့် သံတွေ အများကြီးရိုက်ထားရတာလဲဟု မေးမိသည်။ သူက "ဝက်ဝံကြောင့်"ဟု ဖြေသည်။ "နောက်ဆုံးပြောင်းသွားတဲ့ ဆရာမဟာ တံခါးဝမှာ ဝက်ဝံရောက်လာပြီး အနံ့ ခံနေတာနဲ့ သတိလစ်သွားဖူးတယ်"

ကျွန်မသည် သူပြန်သွားသည့်အခါ တစ်ယောက်တည်း အိပ်ရာပေါ်၌ ထိုင်ကာ အခန်းကိုစေ့စေ့စပ်စပ် ကြည့်နေမိသည်။ အချို့နေရာများတွင် ကြမ်းပြင်သည် နံရံအောက်သို့ အများကြီးနိမ့်ဆင်းနေသည်။ နံရံများမှာ သစ်ရိုင်း ပျဉ်ချပ်များဖြင့် ကပ်ထားခြင်းဖြစ်၏။

ကျွန်မကတော့ ခပ်ကြမ်းကြမ်း လုပ်ထားသည်များကို ဂရုမစိုက်ပါ။ အမှန်အတိုင်းပြောရလျှင် ဤအခန်းသည် ကျွန်မ ပထမဦးဆုံးရရှိလာသည့် ကိုယ်ပိုင်အခန်းဖြစ်၏။ ကျွန်မစိတ်တိုင်းကျနှင့် စနစ်တကျပြုပြင်လိုက်မည်ဆိုပါက ဤအခန်းသည် ကေသီဝင်းတား၏အခန်းထက် များစွာ သာလွန်နိုင်မည့် အနေအထားရှိနေသည်ဟု ကျွန်မထင်ပါသည်။

အခန်းထဲတွင် ရေမရှိတော့ပါ။ ကျွန်မသည် ပုံးတစ်ပုံးကိုဆွဲကာ ရေဖြည့်မည်ဟူသော စိတ်ကူးဖြင့် ချောင်းဘက်သို့ ထွက်လာခဲ့သည်။ အပြင်ဘက်၌ ရပ်နေခိုက်မှာပင် အမှောင်သည် လျင်မြန်စွာ ကျဆင်းလာနေသည်ဖြစ်ရာ ကျွန်မ ရင်ထဲ၌ အထီးကျန်နိုင်သောစိတ်သည် ဖျတ်ခနဲ ဖြစ်လာသည်။

ကျွန်မ၏အခန်းနီးချင်းဖြစ်သော ဗော့ဟမ်၏တဲမှ ထွက်လာနေသည့် အသံများမှတစ်ပါး အခြားဘာသံမှ မကြားရပါ။ နေရာတိုင်းသည် တိတ်ဆိတ် လျက်ရှိသည်။ ကျွန်မထင်ထားခဲ့သလို ဤပတ်ဝန်းကျင်၌ လူလည်း များများ စားစားရှိပုံမရ။ အခန်း၏တစ်ဖက်တစ်ချက်ရှိ အဆောက်အအုံအားလုံးတွင် ခြောက်ခုသာလျှင် လူနေသည်ဟု ယူဆရ၏။ နေသူများမှာလည်း ဗော့ဟမ် မိသားစုနှင့် ကာရူးမိသားစုများသာလျှင် ဖြစ်ဖို့ရှိသည်။

အန်ဂျီလာဘားရက်၏ တဲအိမ်နှင့် အခြားမိသားစု နှစ်စု သုံးစုခန့်၏ တဲအိမ်များသည် အစွန်ဆုံးဘက်၌ တည်ရှိကြသည်။ စောစောက စာတိုက်ရှေ့၌

mgyoe.com

mgyoe.com

မြင်ခဲ့ရသူများထဲမှ လူအများစုမှာ ချောင်းတစ်လျှောက်၌ နေထိုင်ကြသူများ ဖြစ်လေသည်။

ဤနေရာ၌ နေထိုင်ရသည်မှာ တစ္ဆေသရဲမြို့တစ်မြို့၌ နေထိုင်ရသည်နှင့် တူလှချေသည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်လောက်ကတော့ ဤနေရာသည် ဖွံ့ဖြိုးတိုးတက်သော နေရာတစ်ခုဖြစ်ခဲ့၏။ လူအများအပြားသည် ဤနေရာသို့ ရွှေရှာရန် ရောက်ရှိလာခဲ့ကြပြီး အိမ်များကို ဆောက်လုပ်ခဲ့ကြသည်။ အခုတော့ အခြေအနေက တစ်မျိုးတစ်ဖုံဖြစ်လာနေပြီ...။

ကျွန်မသည် ရေပုံးတွင်ရေအပြည့်ဖြည့်ကာ ပြန်လာခဲ့၏။ လမ်းတစ်ဝက် တွင် ခဏမျှရပ်နား၍ အမောဖြေသည်။ အနည်းငယ်မျှ ကြောက်စိတ် ဝင်လာ သည်။ ပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည် ကြမ်းတမ်းသလို ဖြစ်နေသည်။ အိုရီဂွန်မှာတုန်းကလိုမဟုတ်။ ဟိုမှာတုန်းကတော့ ညညကျလျှင် အပြင်ထွက်၍ လမ်းလျှောက်ရင်း စတိုးဆိုင် တစ်ဆိုင်ဆိုင်တွင် အအေးဝင်သောက်နိုင်သည်။ ဒီမှာကတော့ ရှိုင်းစိုင်းမှုက လွှမ်းမိုးနေသည်။ ကျွန်မစိတ်သည် မလုံမလဲဖြစ် လာသည်။ ကျွန်မသည် ရေပုံးကို ကပျာကယာကောက်ဆွဲကာ အခန်းဆီသို့ သုတ်ခြေတင်လာခဲ့ပါသည်။

အခန်းထဲတွင် မောင်လွန်းသဖြင့် ဘာကိုမျှ မမြင်ရ။ တစ်ဘက်အိမ်မှ ဗော့ဟမ်တို့ မိသားစုထံသွား၍ ညစာလာပို့မည့် မစ္စတာစထရောင်းအား စောင့်နေရလျှင် ကောင်းလေမလား။ သို့တစေလည်း ကျွန်မအနေဖြင့် ကိုယ့် အခန်း၌ ကိုယ့်ဘာသာကိုယ် နေထိုင်တတ်သည့် အလေ့အကျင့်ကို မရ၍မဖြစ်၊ အခုကတည်းက အသားကျအောင် ကျင့်ပါမှ...။

ကျွန်မသည် သစ်သီးထည့်သည့် စက္ကူဘူးလွတ်ထဲမှ ရလာသည့် ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းသည်။ တစ်တိုင်ကို ကောင်တာပေါ်၌ထွန်းကာ ကျန်တစ်တိုင်ကို ကျွန်မ၏စားပွဲပေါ်စိုက်ထားလိုက်၏။ အလင်းရောင်များကြောင့် ဖြစ်ပေါ်လာသော အရိပ်များသည် အခန်းထဲတွင် ခုန်ပေါက်ပြေးလွှားနေကြ လေသည်။

ကျောင်းခန်းတွင်းသို့ ဝင်ရာ တံခါးပေါက်သည် ပွင့်နေသော်လည်း ကြီးမားသော အမှောင်ထုကြောင့် တွင်းကြီးတစ်တွင်းကို လှမ်းမြင်နေရသည်

mgyoe.com

mgyoe.com

နှင့်တူသည်။ ကျွန်မသည် တံခါးကို ထပိတ်လိုက်သည်။ ရုတ်တရက်ချက်ချင်းပင် ကျွန်မတွင် လုံခြုံမှုမရှိသည့်အဖြစ်ကို သတိထားလိုက်မိလေသည်။

တကယ်တော့ ကျွန်မသည် တံခါးများကို အလုံအခြုံပိတ်ထားဖို့ သော့မရှိပါ။ ဤအခန်းထဲသို့ ဝင်လာလိုသူရှိပါက မည်သူမဆို အချိန်မရွေး ဝင်လာနိုင်နေသည် မဟုတ်ပါလား...။ ကျွန်မ၏ ခြောက်လုံးပြူးသည် အိပ်ရာခုတင်ဘေး၌ ချထားသည့် စက္ကူဘူးတစ်ဘူးထဲရှိ သားရေအိတ်ထဲ၌ရှိနေသည်။ ကျွန်မသည် ခြောက်လုံးပြူးအိတ်ကို ခါးတွင်ပတ်ထားလိုက်သည်။ ကျွန်မ၏ ရင်သည် အတော်ကြီးပေါ့ပါးသွားပါသည်။

နောက်နာရီဝက်ခန့်အကြာတွင် ဖယောင်းတိုင်တစ်တိုင်မှ မီးသည် ငြိမ်းသွားသည်။ ကျန်တစ်တိုင်မှာလည်း နှစ်လက်မခန့်သာ ကျန်တော့သည် ဖြစ်ရာ မကြာခင်ငြိမ်းပေတော့မည်။ ထိုဖယောင်းတိုင်သာ ငြိမ်းသွားလျှင် ကျွန်မသည် အမှောင်ထုတွင်း၌ တစ်ယောက်တည်းဖြစ်ရချေတော့မည်။

ထိုအခိုက်မှာပင် အပြင်မှ ခြေသံများ ကျွန်မကြားရသည်။

မစ္စတာစထရောင်း၏ ခြေသံ မဟုတ်မှန်း ကျွန်မသိနေသည်။ မစ္စတာစထရောင်းသည် ပစ္စည်းများပို့ရန် ချောင်းကမ်းပါး တစ်လျှောက်ရှိ အိမ်များဘက်သို့ ထွက်သွားသည်ကို ကျွန်မကြားခဲ့ရသည် မဟုတ်ပါလား။ ခြေသံသည် တဖြည်းဖြည်းနှင့်နီးလာသည်။ အဆောက်အအုံကိုပတ်၍ လျှောက်လာနေခြင်း၊ ထိုနောက် ဖြည်းဖြည်းသာသာ ခေါက်လိုက်သည့် တံခါးခေါက်သံ...။

ကျွန်မသည် ခြောက်လုံးပြူးကို ဆွဲထုတ်ကာ အသာကလေးငြိမ်နေသည်။ တံခါးခေါက်သံ ဒုတိယအကြိမ်ပေါ်လာသည့်အခါ ဘယ်သူပဲဖြစ်ဖြစ်၊ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ပြီး ဝင်လာမှာပဲ ဟု ကျွန်မ တွေးမိသည်။ ကျွန်မသည် ခြောက်လုံးပြူးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တံခါးဆီသို့ ချိန်ထားလိုက်သည်။

"ဝင်ခဲ့"ဟု ကျွန်မက အသံပေးသည်။ "ဒါပေမယ့် သတိတော့ ထား"

တံခါးဝ၌ ရပ်နေသူမှာ ဆံပင်နက်နက် အသားမည်းမည်း လူတစ်ယောက်။ ကျွန်မလက်ထဲမှ သေနတ်ကိုမြင်သည့်အခါ သူသည် လက်နှစ်ဖက်ကို မြှောက်ထားလိုက်သော်လည်း အပြုံးတော့မပျက်။ သူသည် စပိန်တစ်ယောက်ထက် ပို၍ အသားမည်းသော်လည်း သွားတွေကတော့ ဖြူဖွေးနေသည်။

mgyoe.com

mgyoe.com

"ရှင် သတိထားနော်"ဟု ကျွန်မက လှမ်းပြောသည်။ "ကျွန်မ တစ်ခါတုန်းက ဒီသေနတ်နဲ့ ဝက်ဝံတစ်ကောင်ကို ပစ်ခဲ့ဖူးတယ်"၊ ကြောက်လန့်နေသော ကျွန်မသည် ဘာတွေ ပြောနေမိသည်ကို မသိ။

သူသည် မပြုံးတော့ပါ။ "ကျွန်တော် ယုံပါတယ်"ဟုသာ ပြန်ပြောသည်။

"ရှင် ကျွန်မကို လာတွေ့တာလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်အမေက ညစာ ကျွန်တော်တို့နဲ့ အတူတူ စားမလားလို့ မေးခိုင်းလိုက်ပါတယ်"

သူ့အသက်သည် ကျွန်မထက် အများကြီး ကြီးလိမ့်မည် မထင်ပါ။ ကျွန်မသည် ကျွန်မ၏ မလိမ္မာမှုအတွက် စိတ်မကောင်းဖြစ်နေမိသည်။

"ဆောရီးပဲ...၊ အထဲဝင်ချင်ရင် ဝင်ပါ၊ ရပါတယ်"

"ကိစ္စမရှိပါဘူး၊ ခင်ဗျားကို လန့်သွားအောင် လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော့်အမေက ခင်ဗျား ကျွန်တော်တို့မိသားစုနဲ့ ညစာ စားချင်လိမ့်မယ်ထင်လို့ လွှတ်လိုက်တာပါ"

"ရှင့်အမေက သိပ်ကို သဘောကောင်းပါတယ်"ဟု ကျွန်မကပြောသည်။ "ဒါပေမယ့် ကျွန်မအတွက် ညစာကို မစ္စတာစထရောင်းက လာပို့ပေးလိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်အမေက ပြောခိုင်းလိုက်တယ်။ အကူအညီလိုရင် ကျွန်တော်တို့ကို ပြောနိုင်ပါတယ်...တဲ့"

"ရှင့်တို့က ဒီအနားမှာနေကြသလား"ဟု ကျွန်မက မေးသည်။

"မဟုတ်ပါဘူး၊ ချစ်ကင်းချောင်းရဲ့ အထက်နားမှာပါ"ဟု သူကဖြေသည်။

အခုကျတော့ ကျွန်မ သူ့အားကြောက်စရာမလိုတော့သဖြင့် ကျွန်မအတွက် အဖော်အဖြစ်နေစေချင်မိသည်။ သို့သော်လည်း သူသည် ကျွန်မအား နှုတ်ဆက်ကာ တံခါးကိုပိတ်ခဲ့ပြီး ပြန်ထွက်သွားလေပြီ။ ကျွန်မ သူ့နာမည်ကို မေးဖို့ပင်သတိမရလိုက်တော့ပါ။

နောက်ဆုံးတွင် မစ္စတာ စထရောင်း ရောက်လာသည်။ ကျွန်မက အကြောင်းစုံပြောပြသည့်အခါ မစ္စတာ စထရောင်းက "အဲဒါ ဖရက်ပါဒီပေါ့" ဟု ပြောသည်။ ကျွန်မက သေနတ်နှင့်ချိန်ခဲ့သည့်အဖြစ်ကို ပြောပြသည့်အခါ သူကပြုံးသည်။

mgyoe.com

mgyoe.com

"သူနဲ့ဆိုရင် လုံခြုံမှုရှိပါတယ်၊ ဖရက်က လူကောင်းလေးပါ"

"သူ့ကြည့်ရတာ အလွန်သဘောကောင်းမယ့်ပုံပဲ"

"သူက ကပြားလေးတစ်ယောက်ပဲ၊ မအေက အက်စကီးမို၊ ဖအေက လူဖြူ...၊ လူမျိုးချင်း သွေးရောရင် ဒုက္ခရောက်တာက မွေးလာတဲ့ သားသမီးပဲ"

သူပြောနေပုံမှာ လူဖြူမဟုတ်သောလူတွင် ကူးစက်ရောဂါတစ်ခုခု ရှိနေသည့်ပုံစံမျိုးဖြစ်၏။ အကယ်၍များ သူ့အနေဖြင့် ကျွန်မ၏အဘွားသည် အင်ဒီးယန်းတစ်ယောက်ဖြစ်သည်ကို သိသွားခဲ့ပါမူ သူ ကျွန်မအား ဘယ်လို ထင်လိမ့်မည်နည်း...။

"ချပ်ရဲ့အဖေကျတော့ ဘယ်လိုလဲ"ဟု ကျွန်မက စကားလမ်းကြောင်း ပြောင်းစေလိုသဖြင့် မေးလိုက်မိသည်။

"ဂျိုးတင်ပယ်ကို ပြောတာလား...၊ သတ္တုတွင်းတူးသမားကောင်း တစ်ယောက်ပဲ။ ပြီးတော့ သားမွေးမုဆိုးတစ်ယောက်အနေနဲ့လည်း အလွန် တော်တယ်။ သူဟာ ဒေသခံတိုင်းရင်းသူ မိန်းမတစ်ယောက်နဲ့ ဆက်စပ် ပတ်သက်ခဲ့တဲ့ ပြဿနာကြောင့် ဝမ်းနည်းစိတ်ထိခိုက်နေတဲ့ လူပေါ့"

"ဟုတ်လား...၊ ဂျိုးတင်ပယ်ဟာ ချပ်ရဲ့အဖေလား"

"ကြည့်ရတာ အံ့အားသင့်နေသလိုပဲ၊ ဘာဖြစ်လို့လဲ"

"သူက မနက်ဖြန်ညကျရင် ကျွန်မကို ညစာကျွေးဖို့ ဖိတ်ထားတယ်"

"ကိစ္စမရှိပါဘူး၊ သူနဲ့ပတ်သက်လို့ ပူစရာ မလိုပါဘူး။ မစ္စတာတင်ပယ် ဟာ လူကြီးလူကောင်းတစ်ယောက်ပါ။ အမျိုးကောင်းသမီးတစ်ယောက်လို ဆက်ဆံမှာပါ"

"ဒါပေမယ့် သူက အိမ်ထောင်သည် မဟုတ်လား"

"မဟုတ်ပါဘူး၊ အိမ်ထောင်မကျခဲ့တဲ့အတွက် သူဟာ ဘုရားသခင်ကို ကျေးဇူးတင်နေမှာ သေချာတယ်"

အိမ်ထောင်သည် ဟုတ်ဟုတ် မဟုတ်ဟုတ် သူနှင့်တွဲ၍ အပြင်ထွက်ရ မည့်အရေးမှာ ကျွန်မအတွက် ရယ်စရာလိုဖြစ်နေသည်။

●

mgyoe.com

mgyoe.com

နောက်တစ်ရက် မနက်တွင် မစွတာ စထရောင်းသည် ကျွန်မအား သူ့စတိုးဆိုင်သို့ ခေါ်သွားသည်။ သူ့ဆိုင်သည် သစ်လုံးများဖြင့် ဆောက်ထားသည့် ဆိုင်ငယ်တစ်ဆိုင်ဖြစ်၏။ ဆိုင်ထဲမှ စင်များကို မြင်သည့်အခါ ကျွန်မစိတ်သည် အေးသွားသည်။ ဆိုင်တွင် ပစ္စည်းတိုင်းလိုလိုရှိသည်။ ထောပတ်ဘူးများကိုပင် မြင်နေရလေသည်။

ကျွန်မသည် စည်သွပ်ဘူးများ၊ ဂျုံ၊ သကြားနှင့် အခြားအသုံးလိုမည့် ပစ္စည်းများကို ဝယ်ယူခဲ့သည်။ အိတ်နှစ်လုံးစာရှိပါသည်။ ဝက်ပေါင်ခြောက်၊ ကြက်ဥနှင့် ကော်ဖီမှုန့်များကိုလည်း ဝယ်ခဲ့ပါသေးသည်။ မစွတာ စထရောင်းသည် သူ့စတိုးဆိုင်မှ ဝယ်ယူမှုနှင့်ပတ်သက်၍ အခြားသူများအား · မပေးခဲ့ဖူးသည့် အခွင့်အရေးတစ်ရပ်ကိုလည်း ပေးသည်။

ကျွန်မလိုအပ်သောပစ္စည်းများကို ယူပါဟုပြောသည်။ ကျသင့်ငွေကို မှတ်သားထားပြီး တစ်လနေမှ တစ်ခါရှင်းပေးပါဟု ဆိုသည်။ ဤအခွင့်အရေး အတွက် ကျွန်မက ပြန်၍လုပ်ပေးရမည့်အရာမှာ သူအဝေးတစ်နေရာသို့ ခရီး ထွက်သွားခိုက် တစ်ဦးတစ်ယောက်က ပစ္စည်းတစ်မျိုးမျိုးလိုလာလျှင် ကျွန်မက တာဝန်ယူ၍ရောင်းပေးပြီး ဝယ်ယူသွားသော စာရင်းကို မှတ်သားပေးထားရမည် ဖြစ်၏။

အတော်ကလေးနေတက်လာချိန် ကျွန်မကျောင်းခန်းတွင်း၌ အလုပ် လုပ်နေခိုက်တွင် ကျောင်းရှေ့ဆင်ဝင်ဘက်မှ ခြေသံများကြားရသည်။ ဖရက်ပါဒီ နှင့် သူ့ညီမငယ်များ ဖြစ်၏။ ကျွန်မအနေဖြင့် သူ့ညီမငယ်များဟု ထင်ခဲ့မိခြင်း ဖြစ်၏။ တကယ်တော့ သူ့ညီမမှာ တစ်ဦးတည်းဖြစ်သည်။ ကျန်တစ်ဦးမှာ သူ့အမေဖြစ်သည်။

သူ့အမေသည် အရပ်အလွန်ပုပြီး သေးကွေးလှသည်ဖြစ်ရာ ကျွန်မ၏ အဘွား ဟော့ဘ်ထက် ပို၍ပုပြီး ပို၍သေးကွေးနေသည်။ သူ့ခန္ဓာကိုယ် အလေး ချိန်သည် ပေါင်ကိုးဆယ်ထက်ပိုလိမ့်မည်မထင်ပါ။ သူသည် အက်စကီးမိုးဖြစ် သည်မှာ ယုံမှားဖွယ်ရာမရှိ၊ မည်းနက်သော မျက်နှာဝိုင်းဝိုင်း၊ ပါးစပ်ပြဲပြဲ၊ မညီမညာနှင့်ကြီးမားလွန်းသော သွားများက အက်စကီးမိုးဖြစ်ကြောင်း သက်သေ

mgyoe.com

mgyoe.com

ခံနေသည်။ ကျွန်မကို မြင်လိုက်သည့်အခါ သူ့မျက်နှာသည် ဝင်းလက်သွားသည်။ ကျွန်မကလည်း သူ့ကို တွေ့တွေ့ချင်း ခင်မင်မိပါသည်။

"အား...တိရှာ"ဟု သူက နှုတ်ဆက်သည်။ "တိရှာကိုတွေ့ရတာ ကျွန်မ ဝမ်းသာပါတယ်၊ ကျွန်မက မစွက်ပါဒီပါ၊ သူက ကျွန်မသမီး အစ္စဘဲလား ပါ"

သူက လက်ကမ်းပေးသဖြင့် ကျွန်မက ဆွဲ၍နှုတ်ဆက်လိုက်သည်။ အလွန်သေးသည့်လက်ပါလား...။ "ကျွန်မသား ဖရေးဒ်က တိရှာသိပ်လှတယ်လို့ ကျွန်မကို ပြောပါတယ်"ဟု သူက ပြောသည်။ "အခုမှ ကျွန်မကိုယ်တိုင် မြင်ရတာပါ၊ တိရှာဟာ ချစ်စရာ အလွန်ကောင်းပါတယ်"

သူ ဝတ်ဆင်ထားပုံမှာ သားနားလှပပါ၏။ ဦးထုပ်နှင့်တစ်ဆက်တည်း ချုပ်ထားသည့် သားမွေးအင်္ကျီဖြစ်သည်။ ကျွန်မက သူ့တို့အား အခန်းထဲသို့ ဖိတ်ခေါ်ပြီး လက်ဖက်ရည်တိုက်သည်။ ကျွန်မလာခဲ့ရသည့်ခရီးအကြောင်း ပြောပြသည်။ ကျွန်မစီးလာရသည့် မြင်းကို မနိုင်၍ ရောက်ခဲ့ရသည့်ဒုက္ခများ အကြောင်းလည်း ပြောပြသည်။

ကြုံခဲ့ရသည့်အချိန်တုန်းကတော့ ထိုအဖြစ်များသည် ကျွန်မအတွက် ရယ်စရာမဟုတ်ပါ။ အခုတော့ ကျွန်မပြောပြသမျှအားလုံးလိုလိုသည် ဖရက်အတွက် ပြုံးစရာ ရယ်စရာတွေ ဖြစ်နေသည်။ ကျွန်မကိုယ်တိုင်ပင်လျှင် တချို့ အဖြစ်များကို ပြောပြနေရင်း ရယ်မိပါသည်။ ကျွန်မ ဤအခန်းထဲဝင်လာသည့် အခါ ပရိဘောဂပစ္စည်းနှင့်တူသောအရာဟူ၍ သစ်သားစလေးတစ်စကိုပင် မမြင်ရသည့်အဖြစ်ကို ပြောပြသည့်အခါတွင်လည်း သူတို့က ဝိုင်းရယ်ကြပါသည်။

ထို့နောက် မစွက်ပါဒီသည် အခန်းထဲ၌ လှည့်ပတ်ကြည့်ရှုကာ ခေါင်း တခါခါ လုပ်လျက်ရှိသည်။ "လုပ်စရာတွေကတော့ အများကြီးပဲ အင်နီ"ဟု ပြောသည်။ "ရှင့်မှာ နွေးနွေးထွေးထွေးနဲ့ သက်သောင့်သက်သာနေလို့ရမယ့် အခန်းတော့ ရှိကိုရှိမှဖြစ်မှာ..."

သူသည် ကြမ်းခင်းများကို လက်ညှိုးထိုးပြသည်။ "ဒီဟာတွေကို မလဲ:သို့ မဖြစ်ဘူး။ မလဲရင် ဆောင်းတွင်းကျတော့ အေးတာနဲ့ သေမှာ"ဟု ပြောပြန် သည်။

mgyoe.com

mgyoe.com

သူသည် သူ့သားအား လှည့်ကြည့်သည်။ "မင်းက ဒီမှာလာပြီး လုပ်စရာ ရှိတာလုပ်"ဟု ဖရက်အား လှမ်းပြောသည်။ "အိမ်က အလုပ်တွေကို မင်းအဖေ လုပ်လိမ့်မယ်"

ဖရက်က စပ်ဖြဲဖြဲလုပ်ကာ "ဟုတ်ကဲ့ပါ ခင်ဗျာ"ဟု ဝင်ပြောသည်။

"ကျောင်းကို ဘယ်တော့လောက်ဖွင့်ဖို့ စိတ်ကူးသလဲ အင်နီ"

"ဖြစ်နိုင်ရင် ဒီရက်ပိုင်းအတွင်းလောက်ပေါ့"

"မင်းက အလုပ်ကို ရက်နည်းနည်းနဲ့ ပြီးအောင်လုပ်နိုင်မလား ဖရက်"

"ကျွန်တော် လုပ်ပေးပါ့မယ်"

သူတို့ မပြန်ခင် မစ္စက်ပါဒီက နောက်ညတွင် သူတို့နှင့်ညစာလာစားပါ ဟု ဖိတ်သွားသည်။ နောက်နှစ်နာရီခန့်အကြာတွင် ဖရက်သည် မြင်းလှည်း တစ်စီးမောင်း၍ ပြန်ရောက်လာသည်။ လှည်းပေါ်တွင် ပျဉ်ပြားများနှင့်လက်သမား ကိရိယာတန်ဆာပလာပစ္စည်းအိတ်ကြီးတစ်လုံး တင်လာသည်။

ပထမတော့ ကျွန်မတို့သည် တစ်ယောက်ကိုတစ်ယောက် ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေကြသေးသည်။ သို့သော်လည်း တစ်ခဏမျှ အလုပ်တွဲ၍ လုပ်လိုက်မိသည့်အခါ ရင်းနှီးသွားကြ၏။ ထိုအတောအတွင်း လူတွေရောက် ရောက်လာပြီး သူတို့ ငှားထားနိုင်သည့်ပစ္စည်းများကို လာပို့ကြသည်။ ရေနွေး အိုး တစ်လုံး၊ ဖွန်းခက်ရင်းနှင့်ဓားများသာမက စွယ်စုံကျမ်းစာအုပ်ဟောင်းကြီး တစ်အုပ်ပင်ပါလာသည်ကို တွေ့ရ၏။

ကျွန်မအနေဖြင့် အလားစကားပြည်နယ်မှ လူများသည် အလွန်ဧည့်ဝတ် ကျေကြသည်ဟု ကြားခဲ့ရဖူးသည်။ သို့သော်လည်း ဤမျှလောက်အထိ ရက်ရော ကြလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ ကျွန်မသည် ကျွန်မစိတ်ထဲ၌ ပေါ်လာသည့် ခံစားမှုကို ဖရက်အား ပြောပြမိလေသည်။

"လူတိုင်းက ဆရာမကို ဒီမြို့မှာ အမြဲအစွဲ နေစေချင်ကြလို့ပါ"ဟု ဖရက်က ပြောသည်။

"ကျွန်မကို ဒီဒေသမှာအမြဲနေမယ့်လူမဟုတ်ဘူးလို့ သူတို့က ဘာကြောင့် တွေးကြရတာလဲ"

mgyoe.com

mgyoe.com

"နောက်ဆုံးထွက်သွားတဲ့ ဆရာမလို ဖြစ်မှာစိုးလို့ပေါ့။ ဒီနယ်က သိပ်ကို ကြမ်းတမ်းတယ်။ အထူးသဖြင့် ဒီနယ်သားမဟုတ်တဲ့ ချီချာကိုတစ်ယောက် အတွက် ဒီနယ်ဟာ သိပ်ကို ဆိုးတာ"

"ဘယ်အချိန်ကျမှ ကျွန်မ ချီချာကိုတစ်ယောက်ဘဝကလွတ်ပြီး အလား စကားပြေည်နယ်သူတစ်ယောက် ဖြစ်လာမလဲ"

ဖရက်က ကျွန်မကိုကြည့်နေသည်။ မစ္စတာ စထရောင်းက ကျွန်မကို သူ့ကုတ်အင်္ကျီပေးစဉ်က ကြည့်ခဲ့သည့်ပုံစံမျိုးဖြစ်သည်။ သူကြည့်ပုံမှာ ကျွန်မကို နိုင်ငံခြားသူတစ်ဦးအား ကြည့်နေသည့်ပုံစံဖြစ်လေရာ ကျွန်မရင်ထဲတွင် ရယ်ချင်စိတ်ပင် ဖြစ်လာမိသည်။

"ဒီလိုရှိတယ်"ဟု သူက ပြောသည်။ "တချို့လူတွေဟာ အလားစကာန် နယ်သား အစစ်အမှန်ကို ဖြစ်မလာကြဘူး။ သူတို့က ဖြစ်ချင်စိတ်မှ မရှိပဲကိုး။ သူတို့အနေနဲ့ အခိုက်အတန့်အားဖြင့် သည်းခံနိုင်စွမ်းလေးရှိတာတစ်ခုပဲ"

"ရှင်ဆိုလိုတာကို ကျွန်မနားမလည်ဘူး"

"ဒါက ရင်ထဲမှာရှိရမယ့်အရာပဲ၊ ဒီမှာရှိနေတဲ့ ရှေးဟောင်းပတ်ဝန်းကျင် တွေဟာ တကယ့်အလားစကာန်စစ်စစ်တွေပဲ၊ သူတို့ ဒီကိုရောက်လာချိန်က ဒီမြေဟာ မြေကြမ်း မြေရိုင်းတွေပဲ…၊ သူတို့ခမျာ ဆာလောင်ကြ၊ ဝေါ်ကြ ပြတ်ကြ၊ သူတို့ ခြေတွေလက်တွေ အေးကြ ခဲကြနဲ့ ရွှေကို တပင်တပန်း ရှာခဲ့ကြရတာ၊ စားဝတ်နေမှု လုံလောက်ရုံကလေးပဲ ရကြတယ်၊ ဒါပေမယ့် သူတို့ဟာ အလားစကာန်တွေဖြစ်အောင် နေနိုင်ခဲ့ကြတယ်"

"ကျွန်မကော ဖြစ်နိုင်မယ်လို့ ရှင်ထင်သလား…"

"မဖြစ်နိုင်စရာ မရှိပါဘူး၊ ခင်ဗျားလည်း ဖြစ်အောင်လုပ်ရင် ဖြစ်နိုင်မှာပဲ ပေါ့။ တစ်ခုရှိတာက လူတွေဆီက အကြံဉာဏ်ယူပါ၊ တကယ်လို့ တစ်ဦး တစ်ယောက်က ခင်ဗျားကို တစ်စုံတရာပြောရင် ပထမအကြိမ်ပြောကတည်းက နားထောင်ဖို့လိုတယ်။ သူတို့က နှစ်ခါထပ်ပြောလေ့မရှိဘူး။ သူတို့ရဲ့ နေထိုင်မှုက အဲဒီလိုမျိုး…"

"မစ္စတာ စထရောင်းကော အလားစကာန်ပဲလား"ဟု ကျွန်မက မေးသည်။

mgyoe.com

mgyoe.com

"ဟုတ်တယ်...၊ တစ်လမှာ နှစ်ဆယ့်လေးရက်လောက်က တစ်ယောက်တည်း ခရီးထွက်နေတာ။ ရေကြီးမလား၊ ရေခဲမလား၊ ဖြစ်ချင်တာတွေ ဖြစ်နေပါစေ၊ ဘာကိုမှဂရုမစိုက်ဘူး၊ အလုပ် လုပ်ချိန်ကျလာရင် သူထွက်သွားတာပဲ"

●

ညနေခြောက်နာရီထိုးပြီးစတွင် ကျွန်မကိုခေါ်ဖို့ ဂျိုးရောက်လာသည်။ ကျွန်မအဆင်သင့်ဖြစ်နေသည်ကို တွေ့ရသည့်အခါ သူအံ့အားသင့်နေသည်။ "အလားစကားအချိန်နဲ့ အလေ့အကျင့်ဖြစ်သွားအောင်တော့ ခင်ဗျားလုပ်ထားဖို့ လိုလိမ့်မယ်"ဟု သူက ကျွန်မ ကုတ်အင်္ကျီဝတ်နေသည်ကို ဝင်၍ကူညီရင်း ပြောသည်။ "တစ်နာရီ နှစ်နာရီ စောနေတာမျိုး၊ တစ်နာရီ နှစ်နာရီ နောက်ကျနေတာမျိုးတွေနဲ့ ကြုံရလိမ့်မယ်။ အချိန်က ရာသီဥတုပေါ်မှ အမှီပြုနေတယ်။ တကယ်လို့ လူတစ်ယောက် ဒီနေ့ပေါ်မလာရင် မပူနဲ့၊ နောက်တစ်ရက် မနက်ဖြန်သို့မဟုတ် သန်ဘက်ခါကျ ရောက်လာတတ်တယ်"

"ကျောင်းနဲ့ပတ်သက်လာရင်တော့ အဲဒီလိုမဖြစ်ဘူးလို့ ကျွန်မကတော့ မျှော်လင့်ရမှာပဲ"

စားသောက်ဆိုင်မှာ ကျွန်မ၏တဲနှင့် သစ်လုံးတဲခြောက်တဲမျှ ကွာသည်။ အခင်းမှာ သစ်သားကြမ်းခင်းဖြစ်၏။ မျက်နှာကြက်မှာ ထင်းမီးခိုးများ ဟပ်ထားသဖြင့် မည်းနေသည်။ စားပွဲခင်းများခင်းထားသည့် စားပွဲရှည်ကြီးနှစ်လုံးကို ဆိုင်ရှေ့ခန်းမကြီးထဲ၌ ချထားသည်။ အိပ်စင်များရှိသည့် အိပ်ခန်းတစ်ခန်းအပြင် နောက်ဖက်၌ မြင်းဇောင်းတစ်ခုရှိသည်။

မဂ္ဂီသည် ကျွန်မတို့အတွက် နံရံတွင်ကပ်လျက် စားပွဲငယ်တစ်လုံးချပေးထားသည်။ သမင်လျှာဟင်းသည် အရသာရှိလှပါ၏။ စားရင်းသောက်ရင်း စကားစမြည် ပြောကြရာမှ သူ့အကြောင်းကိုယ့်အကြောင်း အနည်းအပါးသိလာရသည်။ ဂျိုးသည် ဝါရှင်တန်ပြည်နယ် တက္ကသိုလ်တက်ခဲ့သူဖြစ်၍ စစ်တပ်မှထွက်ခွင့်ရသည့် ၁၉၂၀ ပြည့်နှစ်ကျမှ အလားစကားသို့ရောက်လာခြင်းဖြစ်၏။ စားသောက်ပြီးသည့်အခါ မဂ္ဂီနှင့်သူ့ယောက်ျားသည် ကျွန်မတို့နှင့် လာထိုင်သည်။

mgyoe.com

mgyoe.com

"အန်နီ အခုရထားတဲ့အခန်းက ဘယ်လိုနေလဲ"ဟု မဂ္ဂီက ကျွန်မအား မေးသည်။

"ကောင်းပါတယ်၊ မဆိုးပါဘူး၊ မစ္စတာစထရောင်းလုပ်ပေးတာ၊ သူရထားတဲ့နေရာနဲ့တောင် တူပုံမပေါ်ဘူး"

"အင်း ပေါ့...၊ ကပြားထဲမှာတော့ သူဟာ သဘောတော်တော်ကောင်းပါတယ်"ဟု မဂ္ဂီကပြောသည်။

"မစ္စတာစထရောင်း ကြည့်ရတာ သူ့အတွက်နဲ့ သူ့မိသားစုအတွက် သိပ်ပြီး များများစားစား စဉ်းစားပုံ မရဘူး...နော်"

"ကပြားတွေထဲမှာ ကျွန်တော်ကတော့ သူ့ကို တအားခင်တယ်"ဟု မစ္စတာ ကရူးက ဝင်ပြောသည်။ "စိတ်ရှိလည်း သူ့လိုပဲ ခင်စရာသိပ်ကောင်းတယ်"

ကျွန်မတို့ စကားပြောနေခိုက်တွင် မစ္စတာဖောက်ဟန်ရောက်လာသည်။ သူသည် မုဆိုးဖိုတစ်ဦးဖြစ်၍ သူ့သမီးသုံးယောက်ကို သူကိုယ်တိုင်ကျွေးမွေးပြုစုကာ မွေးမြူထားရသည်ဟု ပြောသည်။ သူသည် ကျွန်မအခန်းနှင့်ကပ်လျက်အိမ်၌ နေသူဖြစ်၍ သူ သူ့သမီးများအား ဆူပူကြိမ်းမောင်းနေသည်ကို တစ်ကြိမ်နှစ်ကြိမ် ကြားခဲ့ဖူးပါသည်။

သူက ကျွန်မအား ဘာတွေသင်မှာလဲဟု မေးသည်။ "အများကြိုက်လာအောင် သင်မှာလား၊ အဖတ်၊အရေးနဲ့အတွက်ပဲ သင်မှာလား"

သူ့မေးခွန်းနှင့်မေးပုံမေးနည်းကြောင့် ကျွန်မစိတ်တွင် ကသိကအောက်ဖြစ်သွားသည်။

"ကျွန်မ သိထားတတ်ထားတဲ့အထဲက အကောင်းဆုံးနည်းနဲ့ပဲ သင်မှာ။ ဂဏန်းသင်္ချာနဲ့ စာအဖတ်ဟာအရေးကြီးတယ်၊ ဒါပေမယ့် တခြားသင်ရမယ့်ဟာတွေက ရှိသေးတယ်..."

"ဘယ်လိုဟာတွေလဲ...၊ ဥပမာ..."

"စာပေနဲ့ ကဗျာရယ်၊ ပြီးတော့ ပြည်သူ့နီတိတို့ ဂီတတို့..."

"ကြားရတာ သဘောကျစရာပါပဲ၊ ကောင်းပါတယ်"ဟု မစ္စတာ ကရူးက ရေရွတ်သည်။

mgyoe.com

mgyoe.com

"ဟေး… သူ့ကို အချိန်မပေးတော့ဘူးလား ဗျ"ဟု ဂျိုးက ပြောသည်။ "သူ့ခမျာ ကျောင်းဖွင့်ဖို့ စတောင် မစရသေးဘူးလေ…"

"ပညာရေးမှာ စိတ်ဝင်စားတာ တို့မှားသလား…ကွာ"ဟု မစ္စတာ ဖောက်ဟန်က ပြန်ဖြေသည်။ "စိတ်ဝင်စားတဲ့အတွက် ကျောင်းဘုတ်အဖွဲ့ ရှိလာတယ် မဟုတ်လား"

"ကျောင်းဘုတ်အဖွဲ့ အစည်းအဝေးကို မကြာ မကြာ လုပ်သလား"ဟု ကျွန်မက မေးသည်။

"လိုအပ်လာပြီလို့ ထင်တဲ့အချိန်မှာ လုပ်လေ့ရှိတယ်"ဟု မစ္စတာ ဖောက်ဟန်က ဖြေသည်။ "ကျုပ်တို့ အစည်းအဝေးလုပ်မယ်ဆိုရင်လည်း ကြိုပြီး အသိပေးမှာပါ"

နောက်ခဏမျှအကြာတွင် ကျွန်မအား ဂျိုးက ပြန်ပို့ပေးသည်။ "စိဝတ်ရှိ ဆိုတာက ဘယ်သူလဲ"ဟု ကျွန်မက လမ်းတွင် မေးသည်။

"စိဝတ်ရှိလား…၊ အင်ဒီးယန်းတစ်ယောက်…လေ"

"နာမည်က အင်ဒီးယန်းနာမည်လား"

"ပြင်သစ်နာမည်၊ ဆဲဗေ့ချ်လို့ အသံထွက်တယ်။ ရှေးခေတ်ကလူတွေက အသံထွက်မှန်အောင် မပြောတတ်လို့ ဖြစ်ကုန်တာ"

သူသည် အခန်းထဲအထိ ကျွန်မနှင့်အတူလိုက်လာပြီး မီးဖိုမီးကို မွှေးပေးသည်။ ကျွန်မက ညစာကျွေးသည့်အတွက် ကျေးဇူးတင်စကား ပြောသည့်အခါ သူက "ကျွန်တော့် ဝတ္တရားပါ"ဟု ပြောသည်။ "ကျွန်တော်တို့ နှစ်ယောက် မကြာခင်ဆုံကြရဦးမှာပါ"

"ကျွန်မ အမှန်အတိုင်းပဲပြောချင်တယ် ဂျိုး၊ ရှင်နဲ့အတူ တွဲထွက်ရမယ့် ကိစ္စကို စဉ်းစားလိုက်ရင် ကျွန်မစိတ်ထဲမှာ နည်းနည်းပါးပါးလေး ဘဝင်မကျ ချင်သလိုပဲ"

"ဘာဖြစ်လို့လဲ"ဟု မေးသည်။ ကျွန်မစိတ်ရှုပ်နေသည်ကို သူမြင်သည်။ "ဩော်… သိပြီ…၊ မေရီအင်ဂတ်စ်ကြောင့်လား"

"ဟုတ်မယ်ထင်ပါရဲ့"

"အဲဒီအတွက်တော့ မပူပါနဲ့"

mgyoe.com

mgyoe.com

ကျွန်မတို့သည် ထိုကိစ္စကို ထပ်မပြောတော့ပါ။ နောက်နှစ်မိနစ်ခန့် ကြာသော် သူ ပြန်သွားသည်။

နောက်တစ်ရက်တွင် ဖရက်နှင့်ကျွန်မ အလုပ်လုပ်နေခိုက် ကျွန်မက ဂျိုးနှင့်မေရီတို့အကြောင်းကို ဖရက်အား မေးမိသည်။ "အဲဒီကိစ္စက ဇာတ်လမ်း အဟောင်းကြီးတစ်ပုဒ်ပါ"ဟု ဖရက်က ပြောသည်။ "မေရီက အင်ဒီးယန်းရွာ ထဲမှာ နေတယ်၊ ဂျိုးက အဲဒီနားက သတ္တုတွင်းမှာ သတ္တုတူးတယ်၊ သူတို့ နှစ်ယောက် ချစ်သွားကြတယ်၊ နှစ်ဦးသဘောတူ အတူနေကြတာ အကြာကြီးပဲ၊ နောက်ဆုံး လွန်ခဲ့တဲ့တစ်နှစ်လောက်က ကွဲသွားကြတယ်၊ အဲ့ဒီနောက် လွန်ခဲ့တဲ့ လအနည်းငယ်လောက်က သူတို့နဲ့အတူနေဖို့ မေရီရောက်လာတယ်။ ဂျိုးကတော့ မေရီကို လိုလိုလားလား မရှိဘူးလို့ ကျွန်တော်ထင်တာပဲ။ ဒါပေမယ့် မေရီ ကတော့ သူ့ကို ချစ်နေတုန်းပဲ"

"မေရီက ဘယ်မှာနေသလဲ"

"ဒီကနေ မိုင်ဝက်လောက်အကွာမှာနေတာ၊ ကျွန်တော့်အိမ်ကို သွားတဲ့ လမ်းပေါ်မှာ..."

နောက်ပိုင်းတွင် ဖရက်က ကျွန်မအား ညစာကျွေးဖို့ သူ့အိမ်သို့ ခေါ် သွားသည့်အခါ မေရီအင်ဂတ်စ်၏ သစ်လုံးတဲသို့ ခဏဝင်ခဲ့သည်။ ထိုနေ့ ညနေက လမ်းလျှောက်ကြရသည်မှာ မြတ်နိုးစရာ ကောင်းလှသည်။ တောင်စွယ် တွင် နေဝင်သည့်အချိန်ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ရွှေရောင်လွှမ်းနေ ပါသည်။

ကျွန်မတို့သည် ချစ်ကင်းချောင်းကလေးဘေးရှိ လမ်းကျယ်ကြီးအတိုင်း လျှောက်လာခဲ့ကြခြင်းဖြစ်၏။ ထို့နောက် မြောက်ဘက်သို့ ချိုးကွေ့ခဲ့ကြသည်။ မေရီအင်ဂတ်စ်၏အိမ်သည် လမ်း၏နောက်ဘက်ကျကျ ချုံနွယ်များနှင့်မိုးမခ ပင်များနောက်၌ ပုန်းအောင်းနေသည့်နှယ်ရှိ၏။

ဖရက်ပြောပြသည့်အတိုင်းဆိုလျှင် မေရီနေသည့်သစ်သားတဲငယ်မှာ သားမွေးမုဆိုးတစ်ဦး ဆောက်ထားခဲ့ခြင်းဖြစ်၏။ သူ၏ သားမွေးထောင်ချောက် လိုင်းတစ်လျှောက် သွားလာလှုပ်ရှားနေရသည့်အခါ တစ်ညတာမျှခိုနားရန် ဆောက်ထားခဲ့ခြင်းဖြစ်၍ ခယိုးခယိုင်တဲမျှသာ ဖြစ်လေသည်။

mgyoe.com